# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း

၂၀၁၈



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်း နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြခြင်း | ၄ |
| ၇ | အရက်ချက်စက်ရုံများတွင် Flow-Meter များ တပ်ဆင်ရန်ကိစ္စ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၈ | တောင်သူလယ်သမားများကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် နှစ်ရှည် ချေးငွေကဲ့သို့သော အထောက်အပံ့ဖြစ်စေမည့် ကူညီစောင့်ရှောက်မှုများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၉ | နိုင်ငံတော်အတွက် အခွန်ငွေအများဆုံးရှာဖွေထည့်ဝင်ပေးကြရမည့် အခွန်ထမ်းကြီးများနှင့် အလယ် အလတ်အခွန်ထမ်းများမှ အခွန်ရှောင်တိမ်းမှု လျော့ကျလာစေရေးအတွက် အခွန်ငွေကို လိုလိုလားလားနှင့် ပြည့်ပြည့်ဝဝ ထမ်းဆောင်လာမှုအပေါ် နိုင်ငံတော်မှ အသိအမှတ်ပြုပြန်လည်ဂုဏ်ပြု သည့်သဘောဖြင့် မက်လုံးပေးဆွဲဆောင် အခွန်ထမ်းဆောင်စေသော စနစ်(Incentive Payable Taxation System) မျိုးပြောင်းလဲဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၁၀ | မင်းတုန်းမြို့နယ်တွင်(၂)မိုင်ပတ်ဝန်းကျင်အတွင်း မီးရယူနိုင်ရန် အဆင်သင့်ဖြစ်နေသော ကျေးရွာများအား လျှပ်စစ်မီးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၁၁ | မဘိမ်းမြို့ (၂၄)နာရီ လျှပ်စစ်မီးရရှိရေးအတွက် မည်သို့စီစဉ် ဆောင်ရွက်နေပြီး မည်သည့်အချိန်တွင် ရရှိမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၉ |

၁၂ မြန်မာနိုင်ငံအတွင်း Digital Meter များကို မည်ကဲ့သို့အစီအစဉ်ချ၍ တပ်ဆင်ရန်ဆောင်ရွက် နေသည်နှင့် ကျောက်တံတားမြို့နယ်အတွင်း မည်သည့်အချိန်တွင် တပ်ဆင်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း ၂၁

၁၃ ဦးမြင့်သိန်း၊ ဝက်လက်မဲဆန္ဒနယ်က နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစိစစ် ကြပ်မတ်ကောက်ခံပေး နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေး ရန်သင့်မသင့် အဆုံးအဖြတ်ရယူခြင်း ၂၇

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၃၄

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၃၅

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

## စတုတ္ထနေ့ အစီအစဉ်

## [ ၁၇–၅–၂၀၁၈ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၁) ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌ အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **အရက်ချက်စက်ရုံများတွင် Flow-Meter များ တပ်ဆင်ရန်ကိစ္စ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **တောင်သူလယ်သမားများ ကြုံတွေ့နေရသော အခက်အခဲများကိုဖြေရှင်းနိုင်ရန်အတွက် နှစ်ရှည်ချေးငွေကဲ့သို့သော အထောက်အပံ့ဖြစ်စေမည့် ကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **နိုင်ငံတော်အတွက် အခွန်ငွေအများဆုံး ရှာဖွေထည့်ဝင်ပေးကြရမည့် အခွန်ထမ်းကြီးများနှင့် အလယ်အလတ် အခွန်ထမ်းများမှ အခွန်ရှောင်တိမ်းမှု လျော့ကျလာစေရေးအတွက် အခွန်ငွေကို လိုလိုလားလားနှင့် ပြည့်ပြည့်ဝဝထမ်းဆောင်လာမှုအပေါ် နိုင်ငံတော်မှ အသိအမှတ်ပြု ပြန်လည်ဂုဏ်ပြုသည့် သဘောဖြင့် မက်လုံးပေး ဆွဲဆောင် အခွန်ထမ်းဆောင်စေသော စနစ် Incentive Payable Taxation System မျိုးပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **မင်းတုန်းမြို့နယ်တွင် (၂)မိုင် ပတ်ဝန်းကျင်အတွင်း မီးရယူနိုင်ရန် အဆင်သင့်ဖြစ်နေသော ကျေးရွာများအား လျှပ်စစ်မီးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးအောင်မြင့်ရှိန်၊ မဘိမ်း မဲဆန္ဒနယ်၏ **မဘိမ်းမြို့ (၂၄)နာရီ လျှပ်စစ်မီး ရရှိရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်နေပြီး မည်သည့် အချိန်တွင် ရရှိမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်း Digital Meter များကို မည်ကဲ့သို့ အစီအစဉ်ချ၍ တပ်ဆင်ရန် ဆောင်ရွက်နေသည်နှင့် ကျောက်တံတားမြို့နယ်အတွင်း မည်သည့် အချိန်တွင် တပ်ဆင်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၈။ ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်က **“နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစိစစ်ကြပ်မတ်ကောက်ခံပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **“ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**
**စတုတ္ထနေ့မှတ်တမ်း**

**၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၃ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်)**
**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ်(၆၁/၂၀၁၈)အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး အစားထိုးပြောင်းလဲထားတာ ရှိပါတယ်။ ဒါ့ကြောင့် တပ်မတော်သားကိုယ်စားလှယ် ၁၁ ဦးအနေနဲ့ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမယ့် ကိုယ်စားလှယ်များ မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာကိုယူဆောင်ပြီး စင်မြင့်ရှေ့ သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာ ပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မက်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ ကတိသစ္စာပြုလွှာပေါ်ရှိ ကွက်လပ်နေရာ၌ မိမိအမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး၏ ကတိသစ္စာပြုချက်-

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၁၁ ဦးက ကတိသစ္စာပြုပါသည်။]

"ကျွန်ုပ် ------------ သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကို လည်းလိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက် တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ကတိသစ္စာပြုပြီးသည့် ကိုယ်စားလှယ် ၁၁ ဦးသည် မိမိတို့အတွက် သတ်မှတ်ထားသည့်နေရာသို့ ပြန်လည်နေရာယူကြရန်နှင့် ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ကတိသစ္စာပြုလွှာပေါ်၌ မိမိရဲ့အမည်၊ ရာထူးကိုရေးသား ၍ လက်မှတ်ရေးထိုးပြီး အစည်းအဝေးအပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကို အပ်နှံ ကြရန်ဖြစ်ပါတယ်။

[ကတိသစ္စာပြုသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး၏ အမည် စာရင်းအား နောက်ဆက်တွဲ(က)အဖြစ် ဖော်ပြအပ်ပါသည်။]

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၇၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊

(၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊

(၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၄) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၂ ရက်၊

(၅) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၂ ရက်၊

(၆) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၇) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၈) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ခွင့် ၁ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဇော်ဝင်း ခွင့် ၁ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ရဲနိုင်မျိုး ခွင့် ၁ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ ခွင့် ၁ ရက်နှင့်

(၁၂) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပြန်ကြားသူ ၂၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအားခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၇၈ အရ လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းရာတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ရာထူးအလျောက် ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်းကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက် ခြင်းခံရသည့်နေ့မှစ၍ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

### အရက်ချက်စက်ရုံများတွင် Flow-Meter များ တပ်ဆင်ရန်ကိစ္စ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အရက်ချက်စက်ရုံများအား စွန့်ပစ်ရေဆိုးများကို ပြည့်စုံတဲ့ရေဆိုးသန့်စင် စနစ်(Waste Water Treatment System)နဲ့ တပ်ဆင်ပြီးတော့ ဥပဒေပြဋ္ဌာန်းချက်ပါ စံချိန်စံညွှန်း နှင့်အညီ ထုတ်လုပ်ရမယ်လို့ သက်ဆိုင်ရာဝန်ကြီးဌာနများက ညွှန်ကြားထားသော်လည်း ယခုအခါ ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ခြင်းမရှိဘဲ ဆက်လက်လည်ပတ်လျက်ရှိသောကြောင့် စွန့်ပစ်ရေဆိုး များ အနီးအနားမှာရှိတဲ့ လယ်မြေများ၊ မြစ်များ၊ ချောင်းများကို တိုက်ရိုက်စွန့်ပစ်နေခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးလျက်ရှိနေပါတယ်။ အရက်ချက်စက်ရုံများ၏ ရေဆိုးသန့်စင်စနစ်(Waste Water Treatment System)နဲ့ စွန့်ပစ်ရေအရည်အသွေးကို အချိန်နှင့်တစ်ပြေးညီ တိုင်းတာ

စောင့်ကြပ်ကြည့်ရှုတဲ့စနစ်(Real Time Waste Water Treatment System) အကောင်အထည် ဖော်မယ့် Action Plan များ အမြန်တင်ပြရန်လည်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော် ရဲ့ရသင့်ရထိုက်တဲ့အခွန်များ မနစ်နာစေရန်အတွက် အရက်ချက်စက်ရုံများရဲ့ ထုတ်လုပ်မှုပမာဏအမှန် ကို သိရှိနိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာနမှ လုပ်ငန်းရှင်များကို Flow Meter များ တပ်ဆင်ဖို့ ၃၁-၁၀-၂၀၁၇ ရက်နေ့မတိုင်မီ အပြီးအစီးဆောင်ရွက်ရန် ညွှန်ကြားချက်ထုတ်ပြထားပြီးဖြစ်ပါတယ်။ Flow Meter များကိုလည်း ၂၄ နာရီ Online စောင့်ကြည့်စနစ်(24 hours Online Monitoring System) ဆက်လက်ဆောင်ရွက်သွားမယ်လို့လည်း သိရှိရပါတယ်။ နိုင်ငံတော်ရဲ့အခွန် မှန်မှန်ကန်ကန်ရရှိစေ ရေးနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးအတွက် Flow Meter များတပ်ဆင်ပြီးစီးမှုအခြေအနေ ၂၄ နာရီ Online စောင့်ကြည့်စနစ်(24 hours Online Monitoring System) အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့် စွန့်ပစ်အရည်အသွေးများအား အချိန်နှင့်တစ်ပြေးညီ တိုင်းတာစောင့်ကြည့် ကြည့်ရှုတဲ့စနစ်(Real Time Waste Water Treatment System) အကောင်အထည်ဖော်မည့် အခြေအနေများကို သိရှိလိုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး၏ အရက်ချက်စက်ရုံများတွင် Flow Meter များတပ်ဆင်ရန် ကိစ္စဆောင်ရွက်ပြီးစီးမှုအခြေအနေများသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားမှာဖြစ်ပါ တယ်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ အထူးကုန်စည်မှာပါဝင်တဲ့ အရက်အမျိုးမျိုးနှင့်ပတ်သက် ပြီး ထိရောက်တဲ့ အခွန်စီမံခန့်ခွဲမှုဖြစ်စေရန်နှင့် ရသင့်ရထိုက်တဲ့အခွန်ငွေများ အပြည့်အဝရရှိစေရန် အတွက် အရက်အမျိုးမျိုးကို ဈေးကွက်အတွင်းက အခွန်အမှတ်တံဆိပ်ကပ်နှိပ်စေပြီး ရောင်းချစေခြင်း ကို ၂၀၀၇ ခုနှစ်မှစပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ကပ်နှိပ်တဲ့အခွန်အမှတ် တံဆိပ်များကို အတုအပမပြုလုပ်နိုင်ရေး၊ အသုံးပြုပြီးအမှတ်တံဆိပ်များကို ပြန်လည်ခွာယူပြီးတော့ အသုံးမပြုနိုင်ရေးတို့အတွက်ကိုလည်း လုံခြုံရေးအဆင့်မြင့်မားပြီးတော့ အရည်အသွေးကောင်းမွန်တဲ့ အခွန်အမှတ်တံဆိပ်များကို သုံးစွဲဆောင်ရွက်ခဲ့ပါတယ်။ အခွန်တံဆိပ်ခေါင်းများမကပ်မီက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ အရက်အမျိုးမျိုးထံက ကောက်ခံရရှိတဲ့အခွန်ဟာ ကျပ်သန်းပေါင်း ၂၁၁.၈၅၆ သာရှိခဲ့သော်လည်း အခွန်တံဆိပ်ခေါင်းများကပ်စေပြီးတဲ့နောက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေး နှစ်မှာ ရရှိတဲ့ငွေဟာ ကျပ်သန်းပေါင်း ၉၃၈.၁၉၄ ဖြစ်တဲ့အတွက်ကြောင့် အခွန်ရရှိငွေ များစွာတိုးတက် လာကြောင်း တွေ့ရပါတယ်။

အဲဒီကမှတစ်ဆင့်တက်ပြီးတော့ အရက်ချက်စက်ရုံများမှ အဖျော်ယမကာတွေ ထုတ်လုပ်မှုအပေါ်မှာ အခွန်စည်းကြပ်ကောက်ခံတဲ့နေရာမှာ ထုတ်လုပ်မှုပမာဏအမှန်သိရှိနိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အခွန်ပေးဆောင်နိုင်ရေးတို့အတွက် နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်များအပြည့်အဝရရှိရေးကိုရည်ရွယ်ပြီးတော့ အရက်ချက်စက်ရုံတွေမှာ Flow Meter တပ်ဆင်ထုတ်လုပ်စေခြင်းကို ၂၀၁၆ ခုနှစ်ကစပြီးတော့ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုစီစဉ်ဆောင်ရွက်တဲ့နေရာမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အရက်ချက်လုပ်ငန်းလိုင်စင်(D1)ရယူထားတဲ့စက်ရုံပေါင်း ၇၂ ရုံကို Flow Meter တပ်ဆင်အသုံးပြုနိုင်ဖို့အတွက် ယမကာလုပ်ငန်းရှင်များအသင်းနှင့် စတင်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုညှိနှိုင်းဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့သကဲ့သို့ ၃၁-၁၀-၂၀၁၇ ရက်နေ့အပြီးဆောင်ရွက်ရန်စီစဉ်ခဲ့ပါတယ်။ သို့ရာတွင် စက်ရုံအချို့ဟာ ရေဆိုးသန့်စင်မှုစနစ်ကို တည်ဆောက်ဆဲဖြစ်ခြင်းနှင့် လုပ်ငန်းကိုလည်း လည်ပတ်မှုမရှိဘဲ ရပ်ဆိုင်းထားခြင်းတို့အတွက်ကြောင့် စက်ရုံအားလုံးမှာတော့ တပ်ဆင်နိုင်ခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်တွင်းအခွန်များဦးစီးဌာနကနေပြီးတော့ အထူးကုန်စည်ခွန်ဆိုင်ရာစစ်ဆေးရေးအဖွဲ့ကို ညွှန်ကြားရေးမှူးတစ်ဦး ဦးဆောင်ဖွဲ့စည်းပြီးတော့ အရက်ချက်စက်ရုံများကို ကွင်းဆင်းပြီးတော့ ညွှန်ကြားချက်နှင့်အညီ Flow Meter တပ်ဆင်မှုရှိ/မရှိ စစ်ဆေးဆောင်ရွက်ခြင်း၊ အရက်ချက်စက်ရုံများမှာ Flow Meter တပ်ဆင်မှုများနှင့်ပတ်သက်ပြီးတော့ စံကိုက်စစ်ဆေးမှုများပြုလုပ်နိုင်ဖို့အတွက် ညွှန်ကြားရေးမှူးတစ်ယောက်ခေါင်းဆောင်တဲ့အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးထားခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိချက်များအရ စက်ရုံ ၇၂ ရုံ လိုင်စင်ယူထားတဲ့အနက် လက်ရှိလုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိတဲ့ အရက်ချက်စက်ရုံ ၃၇ ရုံမှာ Flow Meter များကို သတ်မှတ်နေရာများမှာ စနစ်တကျတပ်ဆင်ထားမှုရှိ/မရှိ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လများအတွင်းက သွားရောက်စစ်ဆေးခဲ့ပါတယ်။ လက်ရှိအနေအထားအရ လည်ပတ်လျက်ရှိတဲ့ စက်ရုံ ၃၃ ရုံမှာ Flow Meter များကို သတ်မှတ်စံနှုန်းများနှင့်အညီ တပ်ဆင်ထားရှိကြောင်း တွေ့ရပါတယ်။ ကျန်တဲ့စက်ရုံလေးရုံကလည်း စစ်ဆေးတွေ့ရှိချက်တွေအရ မကြာမီတပ်ဆင်သွားရန် စီစဉ်ထားကြောင်း တွေ့ရပါတယ်။ Online Monitoring System ကိုလည်း တပ်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ Online Monitoring System တပ်ဆင်ခြင်းမပြုမီကာလအတွင်းမှာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးကနေ စစ်ဆေးခြင်းနှင့် ရုံးချုပ်စစ်ဆေးရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေးခြင်းများကိုလည်း စီမံချက်ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အရက်ချက်စက်ရုံများရဲ့ အရက်ထုတ်လုပ်မှုများကို Online ကတစ်ဆင့် စောင့်ကြည့်ထိန်းကျောင်းနိုင်ရေးအတွက် Online Monitoring System ကို အကောင်အထည်ဖော်နိုင်ဖို့ Data Logger တပ်ဆင်ခြင်းကို စက်ရုံကြီး၊ စက်ရုံလတ်နှင့် စက်ရုံငယ် အဆင့်(က)၊ (ခ)နှင့်(ဂ) ဟုခွဲခြားပြီးတော့ စက်ရုံကြီးများမှာ ဦးစားပေးစတင်တပ်ဆင်ဆောင်ရွက်မယ့်စနစ်ကို ၂၀၁၈ ခုနှစ် ဧပြီလကစတင်ပြီတော့ အကောင်အထည်ဖော်လျက်ရှိပါကြောင်းနှင့် တစ်ဆင့်ချင်း ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တောင်သူလယ်သမားများကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် နှစ်ရှည်ချေးငွေကဲ့သို့သော အထောက်အပံ့ဖြစ်စေမည့် ကူညီစောင့်ရှောက်မှုများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင့်။ ကျွန်မကတော့ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုနေတဲ့ တောင်သူလယ်သမားများ ကြုံတွေ့နေတဲ့ အခက်အခဲပေါင်းစုံကို ဖြေရှင်းပေးနိုင်ဖို့ရန်အတွက် နှစ်ရှည်ချေးငွေကဲ့သို့သော အထောက်အပံ့ ဖြစ်စေမယ့် ကူညီစောင့်ရှောက်မှုများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မေးခွန်းမေးမြန်းရတဲ့အကြောင်းရင်းကို တင်ပြလိုပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအဓိကထားရတဲ့ တိုင်းပြည်ဖြစ်တဲ့အတွက် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မှုနှင့်အတူ တောင်သူလယ်သမားများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကလည်း နိုင်ငံရဲ့ စီးပွားရေးကို များစွာအထောက်အကူပြုစေပါတယ်။ လက်ရှိအခြေအနေမှာတော့ တောင်သူများရဲ့ စိုက်ပျိုးသီးနှံတွေဟာ ရာသီဥတုဖောက်ပြန်မှု၊ ပိုးမွှားဖျက်ဆီးမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနဲ့ အခြားသွင်းအားစုများ လုံလောက်စွာမထည့်သွင်းနိုင်မှု၊ မျိုးကောင်း မျိုးသန့်များအသုံးမပြုနိုင်မှု၊ စရိတ်အကုန်အကျသက်သာအောင် စပါးများကိုကြဲခင်းပက်စိုက်ကြမှု များအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် အထွက်နှုန်းများလျော့ကျသလို ထုတ်လုပ်မှုစရိတ် ကလည်းကြီးပြီး ထုတ်ကုန်ပစ္စည်းတန်ဖိုးက နည်းပါးမှုကြောင့်လည်း များစွာအရှုံးပေါ်ကြရပါတယ်။ စပါးဈေးဟာသင့်တင့်တဲ့ဈေးဖြစ်ပေမယ့် ပဲစင်းငုံ၊ မတ်ပဲနဲ့ ပဲတီစိမ်းတို့ကတော့ အိန္ဒိယမှဝယ်ယူ တင်သွင်းမှုကို ပိတ်ပင်လိုက်မှုကြောင့် ဈေးများမတန်တဆကျဆင်းပြီး ထုတ်လုပ်မှုစရိတ်ကို မကာရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်အတွင်း လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်မှု၊ နိုင်ငံသားများရဲ့ စားနပ်ရိက္ခာဖူလုံစေရေး၊ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးနှင့် တောင်သူလယ်သမားများ၏ဝင်ငွေနှင့် လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေး တို့ကိုရည်ရွယ်၍ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးထုတ်လုပ်မှုအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်က ငွေရေးကြေးရေးကဏ္ဍမှ တစ်ဖက်တစ်လမ်းပံ့ပိုးဆောင်ရွက်ပေးတဲ့အနေနဲ့ လယ်တစ်ဧကကို မိုးအတွက်တစ်သိန်းခွဲနှင့် ဆောင်းသီးနှံအတွက် ၅၀၀၀၀ ထုတ်ချေးခြင်းမှ တောင်သူတွေအတွက် အထိုက်အလျောက်အကျိုးရှိပါတယ်။ အတိုးနှုန်းဟာလည်း ငွေကျပ်တစ်ရာလျှင် တစ်နှစ်ကို ရှစ်ရာခိုင်နှုန်းဖြစ်တဲ့အတွက်ကြောင့် သင့်တင့်တဲ့အတိုးနှုန်းလည်းဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ဧကကို မိုး၊ ဆောင်းတစ်နှစ်လုံးမှ နှစ်သိန်းသာရရှိခြင်း၊ ဆယ်ဧကအထိသာထုတ်ယူခွင့်ရရှိခြင်းတို့ကြောင့် တောင်သူများဟာ ကုန်ကျတဲ့စိုက်ပျိုးစရိတ်ဟာမလောက်ငှာဘဲ ပြင်ပမှအတိုးကြီးတွေနဲ့ယူရခြင်းများဟာ ယခုထိတိုင်အောင် ရှိနေဆဲဖြစ်ပါတယ်။ ထို့အပြင် အစိုးရချေးငွေတွေဟာ နှစ်ချင်းဆပ်ချေးငွေဖြစ်တဲ့

အတွက်ကြောင့် ပြန်လည်ပေးဆပ်ချိန်မှာ အခက်အခဲများစွာကြုံတွေ့မှုများ ရှိနေကြရပါတယ်။ ယခုအခါမှာ အိန္ဒိယမှ ပဲဝယ်ယူတင်သွင်းခွင့်ကို အကန့်အသတ်ဖြင့်ခွင့်ပြုလိုက် ပေမဲ့ တောင်သူတွေဟာ ချေးငွေများပြန်လည်ပေးဆပ်နိုင်ရေး၊ ပြင်ပမှအတိုးကြီးဖြင့်ယူထား ရသည်များကို ပြန်လည်ပေးဆပ်နိုင်ရေးတို့အတွက် ဈေးအတက်ကိုစောင့်ရာ မသိလှောင်နိုင်တော့ပဲ ရသလောက်ဈေးဖြင့်သာ ရောင်းချကြရပါတယ်။ ထို့အတွက်ကြောင့် တောင်သူတွေရဲ့ ဘဝဟာ နစ်မွန်းသည်ထက်နစ်မွန်းပြီး ဆင်းရဲတွင်းမှ ရုန်းမထွက်နိုင်အောင် ဖြစ်နေကြရပါတယ်။ နောက်ဆုံးမှာတော့ တောင်သူတွေဟာ မိမိတို့ရဲ့ လယ်ယာမြေတွေကို ခင်တွယ်လိုစိတ်မရှိတော့ဘဲ စွန့်ခွာကာ ပြည်ပသို့အလုပ်သွားရောက်လုပ်ကိုင် နေကြရသူတွေဟာ ပိုမိုများပြားလာခဲ့ကြပြီး လက်ရှိလုပ်ကိုင်နေသူများဟာလည်း တာဝန်အရစိုက်ကြရခြင်း၊ အခြားလုပ်စားစရာအလုပ်မရှိလို့ လုပ်နေရခြင်းဆိုတဲ့ အခြေအနေတွေဖြစ်လာရပါတယ်။ JICA Two Step Loan ဟာလည်း တောင်သူများအတွက် စက်ကိရိယာများဝယ်ယူရေးနဲ့ လုပ်ငန်းကြီးများ အတွက်သာချေးတာဖြစ်လို့ စိုက်ပျိုးစရိတ်မလုံလောက်သူများအတွက် အခက်အခဲများစွာ ဖြစ်ပေါ်နေဆဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ မဲဆန္ဒနယ်မှာရှိတဲ့ တောင်သူတွေဟာ နှစ်ချင်းဆပ်ချေးငွေဖြင့် အဆင်မပြေတဲ့အတွက်ကြောင့် မိမိတို့ရဲ့လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)တွေကို တောင်ငူ CB ဘဏ်မှာ အပ်နှံပြီး တစ်ဧကလေးသိန်းနှုန်းနဲ့ သုံးရက်အတွင်းအကြေဆပ်ရမဲ့ ချေးငွေရရှိရေးအတွက် မျှော်လင့်စောင့်စားနေကြသော်လည်း နောက်ဆုံးမှာတော့ အကြောင်းအမျိုးမျိုးကြောင့် CB ဘဏ်မှလည်းချေးငွေမရ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှလည်း ချေးငွေမထုတ်ရနှင့် နစ်နာမှုများစွာကြုံဆုံခဲ့ရပေမဲ့လည်း ထိုနစ်နာမှုများအတွက် တစ်စုံတစ်ရာကုစားပေးမှုများဟာတော့ မရရှိခဲ့ကြပါဘူး။ ထို့အတွက်ကြောင့် တောင်သူတွေအနေနဲ့ နှစ်ချင်းဆပ်ချေးငွေအပြင် နှစ်စဉ်ချေးငွေငါးနှစ်နှင့် နှစ်တိုချေးငွေသုံးနှစ်အတွင်း ပြန်ဆပ်ရမယ့်ချေးငွေများ ချေးပေးနိုင်မယ်ဆိုရင်တော့ မိမိတို့ရဲ့လယ်ယာထွက်ကုန်တန်ဖိုးကျဆင်းနေပါက ချက်ချင်းမရောင်းဘဲ သိုလှောင်ထားနိုင်ခြင်း၊ ပြင်ပမှအတိုးကြီးများနှင့်ယူရမှုများ ပပျောက်သွားခြင်း၊ လယ်ယာလုပ်ငန်းခွင်အတွက် လိုအပ်တဲ့သွင်းအားစုများကို အပြည့်အဝအသုံးပြုနိုင်ခြင်းဖြင့် တောင်သူလယ်သမားတွေရဲ့ လူနေမှုဘဝမြင့်မားလာစေမှာ ဖြစ်ပါတယ်။ ထို့အတွက်ကြောင့် လုပ်ကွက်ငယ်တောင်သူတွေအတွက် စက်ကိရိယာများဝယ်ယူရေးအတွက် မဟုတ်ဘဲ စိုက်ပျိုးစရိတ်အတွက် နှစ်ရှည်ချေးငွေဖြစ်တဲ့ ငါးနှစ်အတွင်းအရစ်ကျစနစ်ဖြင့် ပြန်လည်ပေးဆပ်ရမယ့်ချေးငွေတွေဟာ တောင်သူတွေအတွက် များစွာအထောက်အကူဖြစ်စေမှာဖြစ်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို၏ လယ်ယာစိုက်ပျိုးခြင်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုနေသော တောင်သူလယ်သမားများ ကြုံတွေ့နေရသည့်အခက်အခဲ

ပေါင်းစုံကို ဖြေရှင်းနိုင်ရန်အတွက် နှစ်ရှည်ချေးငွေကဲ့သို့သော အထောက်အပံ့ဖြစ်စေမည့် ကူညီစောင့်ရှောက်မှုများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားပါမယ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်တဲ့စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားများသို့ ထုတ်ချေးနိုင်ဖို့အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ နှစ်စဉ်ငွေလုံးငွေရင်းချေးငွေများ ထုတ်ချေးပေးလျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် ၁၉၈၀.၆၇ ဘီလီယံထုတ်ချေးဖို့ ခွင့်ပြုထားပြီးတော့ ၃၁-၁၀-၂၀၁၇ ရက်နေ့အထိ ငွေကျပ် ၁၂၅၆.၂၂ ဘီလီယံကိုထုတ်ချေးပေးထားပြီးဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားများသို့ ထုတ်ချေးလျက်ရှိတဲ့ စိုက်ပျိုးစရိတ်ချေးငွေဟာ တစ်ဧကကိုကျပ်တစ်သိန်းခွဲနှုန်းနှင့် လယ်သမားများအတွက် သွင်းအားစုတွေဖြစ်တဲ့ မျိုးစပါး၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ လယ်ယာလုပ်သားခစတဲ့ စိုက်ပျိုးစရိတ်များအတွက် သုံးစွဲနိုင်ဖို့ရည်ရွယ်ပြီးတော့ ထုတ်ချေးခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ လယ်ယာလုပ်ငန်းအတွက် လိုအပ်တဲ့ လယ်ယာသုံးစက်ပစ္စည်းများ၊ သီးနှံသိုလှောင်ရုံ၊ ဂိုဒေါင်၊ ဆန်စက်စတဲ့ အရင်းအနှီးပစ္စည်းများအတွက်ကိုတော့ လုံလောက်မှုမရှိနိုင်ကြောင်း တွေ့ရပါတယ်။

နိုင်ငံတော်ပိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ မြန်မာ့စီးပွားရေးဘဏ်ထံကရရှိတဲ့ ရန်ပုံငွေများနဲ့ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်နှစ်တိုင်း နွေ၊ မိုး၊ ဆောင်းသုံးရာသီစလုံးအတွက်ကို စိုက်ပျိုးချိန်အမီထုတ်ချေးပေးလျက်ရှိပြီးတော့ သီးနှံပေါ်တဲ့အချိန်မှာ ပြန်လည်ကောက်ခံတဲ့စနစ်ကို ကျင့်သုံးပါတယ်။ ယင်းသို့ကောက်ခံပြီးနောက် မြန်မာ့စီးပွားရေးဘဏ်ကို နှစ်ချင်းပဲပြန်လည်ပေးဆပ်ရပါတယ်။ မြန်မာ့စီးပွားရေးဘဏ်သို့ နှစ်ချင်းဆပ်အနေနဲ့ပြန်လည်ပေးဆပ်ရခြင်း၊ တောင်သူလက်ဝယ်ငွေမရှိတဲ့အချိန်ကျမှ ကောက်ခံမယ်ဆိုလို့ရှိရင် တောင်သူများအတွက် ကြွေးဝန်ထုပ်ဝန်ပိုးများဖြစ်နိုင်ခြင်းနဲ့ ဆုံးရှုံးနိုင်ခြေပိုမိုများပြားခြင်းစတဲ့အချက်တွေကြောင့် စိုက်ပျိုးစရိတ်ချေးငွေများကိုတော့ နှစ်ချင်းဆပ်အနေနဲ့ပဲ ပြန်လည်ပေးဆပ်တဲ့စနစ်ကို ရှေးယခင်အစဉ်အဆက်ကပဲ ကျွန်တော်တို့ ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါမှာတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ရာသီအလိုက်စိုက်ပျိုးစရိတ်ချေးငွေများအပြင်ကို ဂျပန်-မြန်မာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များအရ ရရှိလာတဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစပြီးတော့ JICA Two Step Loan ချေးငွေကိုလည်း ကျွန်တော်တို့ စက်မှုလယ်ယာဖွံ့ဖြိုးရေးအတွက်ကို ရည်ရွယ်ပြီးတော့ လယ်ယာသုံးစက်ကိရိယာများ၊ လယ်ယာကိုအခြေခံတဲ့ စီးပွားရေးလုပ်ငန်းများအတွက် ဆန်စက်၊ ဆီစက်၊ စားသောက်ကုန်ထုတ်လုပ်မယ့်စက်များ ဝယ်ယူဖို့ ချေးငွေနှင့်စက်ရုံ၊ သိုလှောင်ရုံ၊ ဂိုဒေါင်တည်ဆောက်ခြင်း၊ မွမ်းမံခြင်း၊ ကုန်တင်ထရပ်ကားများဝယ်ယူခြင်းတို့မှအစ ရင်းနှီးမြှုပ်နှံမယ့်ချေးငွေများကို နှစ်တို/နှစ်ရှည်ချေးငွေများအဖြစ် ထုတ်ချေးပေးလျက်ရှိပါတယ်။ နှစ်တိုချေးငွေရဲ့ သက်တမ်းကိုတော့ သုံးနှစ်သတ်မှတ်ထားပြီးတော့ နှစ်ရှည်ချေးငွေကို ငါးနှစ်သတ်မှတ်ထားပါတယ်။ JICA ကပေးအပ်တဲ့ချေးငွေက ဂျပန်ယန်းအနေနဲ့ ၁၅၁၃၅ သန်း (မြန်မာကျပ်ငွေအနေဖြင့် ဘီလီယံ ၁၈၀ ခန့်)ရှိပါတယ်။ ဒီဘီလီယံ ၁၈၀ ခန့်ကို တိုင်းဒေသကြီး/

ပြည်နယ်အနှံ့ရောက်အောင် ကျွန်တော်တို့ဖြန့်ခဲ့ပြီးတော့ သက်သာတဲ့အတိုးနှုန်း ၈.၅ ရာခိုင်နှုန်းနဲ့ ထုတ်ချေးဖို့ စီစဉ်ထားပါတယ်။

ဒါ့အပြင်မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ JICA ချေးငွေစည်းကမ်းချက်တွေနဲ့ အကျုံးမဝင်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာချေးငွေတွေကို ပေးအပ်နိုင်ဖို့အတွက်ကို မြန်မာ့စီးပွားရေးဘဏ်ထံက ချေးငွေများကိုစိုက်စရိတ်အဖြစ်နဲ့မဟုတ်ဘဲနဲ့ ထပ်မံချေးယူပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှာ ပါဝင်ဆောင်ရွက်လုပ်ကိုင်နေတဲ့ တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ လယ်ယာကဏ္ဍကိုအခြေခံတဲ့ စီးပွားရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလကစပြီးတော့ ချေးငွေများကို စိစစ်ထုတ်ချေးပေးလျက်ရှိပါတယ်။ အတိုးနှုန်းကိုလည်း သက်သာတဲ့အတိုးနှုန်းဖြစ်စေဖို့အတွက် မြန်မာ့စီးပွားရေးဘဏ်နဲ့ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့ညှိနှိုင်းပြီးတော့ တစ်နှစ်ကိုကိုးရာခိုင်နှုန်းသတ်မှတ်ထားပါတယ်။ အနာဂတ်ကာလမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွေကိုဖောက်ချပြီးတော့ ပိုပိုပြင်ပြင်နဲ့ ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေပေးနိုင်ဖို့အတွက် ပြင်ဆင်ဖွဲ့စည်းတည်ဆောက်မှုများကိုလည်း စီမံဆောင်ရွက် သွားမှာဖြစ်ပါတယ်။

ရှေ့လာမယ့်ကာလများမှာလည်းပဲ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍနှင့် သက်ဆိုင်တဲ့ စက်ပစ္စည်းများ၊ ယာဉ်ယန္တရား၊ သီးနှံသိုလှောင်ရုံများအပြင် ကုန်ချောထုတ်လုပ်ရာမှာလိုအပ်တဲ့ စက်ပစ္စည်းကိရိယာများ၊ စက်ရုံများအပါအဝင် Supply Chain တစ်ခုလုံးမှာပါဝင်တဲ့ လုပ်ငန်းများအတွက် သုံးနှစ်သက်တမ်းရှိတဲ့ချေးငွေများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ချမှတ်ထားတဲ့မူဝါဒ၊ စံသတ်မှတ်ချက်များနှင့်အညီလည်း စိစစ်ပြီးတော့မှ ပူးပေါင်းပြီးတော့ ချေးငွေများထုတ်ချေးဖို့လည်း စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဒုတိယကာလတိုငါးနှစ် လယ်ယာကဏ္ဍမျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များနှင့်အညီ သမဝါယမဦးစီးဌာနကလည်း လုပ်ငန်းအစီအမံ ရှစ်ရပ်ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ သမဝါယမအသေးစားအရင်းအနှီးချေးငွေများ Cooperative Micro Capital Loan ထုတ်ချေးခြင်း၊ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများ စက်မှုလယ်ယာစနစ်သို့ အဆင့်မြှင့်တင်ပေးခြင်းအတွက် အသင်းသားများလိုအပ်နေတဲ့ လုပ်ငန်းသုံး၊ လယ်ယာသုံးပစ္စည်းများကို အရစ်ကျငွေချေးလုပ်ငန်း(Hire Purchase)စနစ်ဖြင့် ရောင်းချပေးခြင်း၊ စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးအတွက် လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းနှင့် လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများဖွဲ့စည်းပြီးတော့ လယ်ယာမြေဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ အခန်း(၃)မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကိုဖွဲ့စည်းရန်ဟုပါရှိပြီးတော့ အခန်း(၅)မှာ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ရာမှာ အရင်းအနှီးရရှိစေရေးအတွက် ပြည်ထောင်စုရန်ပုံငွေဘောင်အတွင်းမှ ချေးငွေထုတ်ချေးခြင်း၊

လိုအပ်သောအကူအညီအထောက်အပံ့များပေးခြင်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ကို ရယူဆောင်ရွက်ရန်ဟုပါရှိပါတယ်။

မြန်မာနိုင်ငံမှာ အဆင့်မြင့်စပါးအုပ်စုတို့ဟာ ဈေးကောင်းရရှိသော်လည်းပဲ လုပ်ကွက်ငယ်တောင်သူလယ်သမားများအပါအဝင် တောင်သူလယ်သမားအများစုစိုက်ပျိုးတဲ့ သာမန်စပါးအမျိုးအစားများဟာ စပါးပေါ်ချိန်မှာ ဈေးနှုန်းကျဆင်းလေ့ရှိပါတယ်။ သို့ပါ၍ ၂၀၁၈ ခုနှစ်၊ နွေစပါးနှင့်မိုးစပါးပေါ်ချိန်တို့မှာ ရောင်းဖို့၊ ဝယ်ဖို့ အခြေခံစပါးဈေးနှုန်းကို မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်က ၆-၃-၂၀၁၈ ခုနှစ်မှာ ကြေညာချက်ထုတ်ပြန်ထားပါတယ်။ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ရဲ့ အသင်းဝင်ဆန်စက်များ၊ ဆန်စပါးကုန်သည်များ၊ အကျိုးဆောင်များနှင့် ပုဂ္ဂလိကကုမ္ပဏီများဟာ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းကိုက်ညီတဲ့ ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းဈေးကိုအခြေခံပြီးတော့ ဝယ်ယူဖို့ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပါတယ်။ ဈေးကွက်ပေါက်ဈေးဟာ အခြေခံဈေးနှုန်းရဲ့အပေါ်မှာဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရမည်ဖြစ်ပြီးတော့ အကယ်၍ ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးနှုန်းအောက်ရောက်နေပါက အခြေခံဈေးနှုန်းအတိုင်းဝယ်ယူရန် သတ်မှတ်ထားခြင်းဖြစ်ပါတယ်။ ယင်းသို့ အခြေခံဈေးနှုန်း သတ်မှတ်ပေးခြင်းကိုလည်း တောင်သူလယ်သမားများရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်၊ အကျိုးအမြတ်၊ ပြည်တွင်းဈေးကွက်ဈေးနှုန်း၊ နိုင်ငံတကာဈေးနှုန်းစတဲ့ အခြေအနေများအပေါ်မှာ မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီးတော့ သက်ဆိုင်ရာမိုးရာသီတိုင်းအတွက် ဖြစ်သင့်တဲ့အခြေခံဈေးနှုန်းကို ရာသီအလိုက်ထုတ်ပြန်ပေးသွားမယ်လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် အခြေအနေကောင်းတစ်ရပ် ရရှိလာလိမ့်မယ်လို့ ဆိုနိုင်ပါတယ်။ သို့ဖြစ်ပါ၍ လယ်ယာစိုက်ပျိုးခြင်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုနေတဲ့ တောင်သူလယ်သမားများ ကြုံတွေ့နေရတဲ့ အခက်အခဲပေါင်းစုံကို ဖြေရှင်းနိုင်ဖို့အတွက် နှစ်ရှည်ချေးငွေကဲ့သို့သော အထောက်အပံ့ဖြစ်စေမယ့် ကူညီစောင့်ရှောက်မှုများပြုလုပ်ပေးရန် အစီအစဉ်ရှိပါကြောင်း၊ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အကြံပြုချက်များပေးလာပါကလည်း ကြိုဆိုလျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါရှင့်။ အခုလို ဒုတိယဝန်ကြီးအနေနဲ့ မေးခွန်းကိုပြည့်စုံစွာဖြေကြားပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့မေးခွန်းထဲမှာပါတာကတော့ ကျွန်မအနေနဲ့ နှစ်ချင်းဆပ်ချေးငွေဆိုတာဟာ တောင်သူတွေအတွက် လတ်တလောအခြေအနေမှာ အဆင်မပြေဘူး။ ဒါကြောင့် တောင်သူတွေအတွက်ကို နှစ်ရှည်ချေးငွေလိုမျိုး ဒီငါးနှစ်အတွင်း၊ သုံးနှစ်အတွင်းအကျေဆပ်ရမဲ့ချေးငွေမျိုးတွေကို တောင်သူတွေကလိုအပ်နေခြင်းဖြစ်ပါတယ်။ အဲဒီမှာ ဝန်ကြီးကလည်းဖြေသွားပါတယ်။ နှစ်ရှည်ချေးငွေကိုလည်း တောင်သူတွေအတွက်ချေးပေးမယ့်အစီအစဉ်တွေရှိပါတယ်လို့။ ဒါပေမဲ့ အဲဒီလိုအစီအစဉ်တွေကို ဘယ်တော့၊ ဘယ်အချိန်မှာ အကောင်အထည်ဖော်မှာလဲ။ ဘယ်လိုပုံစံမျိုးနဲ့ အကောင်အထည်ဖော်မှာလဲဆိုတာကို ကျွန်မအနေနဲ့ တောင်သူများရဲ့ကိုယ်စား သိလိုပါတယ်။ နောက်တစ်ခါ ကျွန်မမေးခွန်းထဲမှာလည်း ပါပြီးသားဖြစ်ပါတယ်။ ဒီစပါးဈေးကတော့ ကျွန်မတို့

နိုင်ငံတော်ကနေပြီးတော့ အခြေခံဈေးနှုန်းနဲ့သတ်မှတ်ထားပေမဲ့ ကျွန်မတို့ရဲ့နိုင်ငံမှာရှိတဲ့ တောင်သူတွေဟာ စပါးတစ်ခုတည်းစိုက်ရတာမဟုတ်ပါဘူး။ ပဲမျိုးစုံလည်းစိုက်ရတာဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့လတ်တလောအခြေအနေမှာဆိုရင် အိန္ဒိယကနေ ပဲဝယ်ယူမှုကိုတင်သွင်းခွင့်ကို ပိတ်ပင်လိုက်တဲ့အတွက် တောင်သူတွေဟာများစွာကို အရှုံးပေါ်ရပါတယ်။ သူတို့ရဲ့ဈေးနှုန်းဟာဆိုရင် ကုန်ကျတဲ့စရိတ်ထက် များစွာနိမ့်ကျတဲ့အတွက် တောင်သူတွေဟာဆိုရင် လုံးဝကိုနာလန်မထူနိုင်ပဲဖြစ်နေပြီးတော့ အခုလိုနှစ်ချင်းဆပ်ချေးငွေကို ပြန်လည်ဆပ်ဖို့အတွက်ကိုလည်း များစွာအခက်အခဲဖြစ်နေရတဲ့အတွက် တောင်သူတွေအတွက်ကို နှစ်ချင်းဆပ်ချေးငွေအပြင် နှစ်ရှည်ချေးငွေပါချေးမှသာ တောင်သူတွေအတွက်ပိုမိုပြီးတော့ အဆင်ပြေမှာဖြစ်တဲ့အတွက် နှစ်ရှည်ချေးငွေကို ဘယ်အချိန်မှာ အောင်မြင်စွာ အကောင်ထည်ဖော်ပေးမယ်၊ ဘယ်လိုအစီအစဉ်နဲ့ လုပ်ဆောင်ပေးမယ်ဆိုတာကို ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းခွင့်ပြုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ စောစောက ကျွန်တော်တင်ပြခဲ့သလိုပါပဲခင်ဗျား။ ကျွန်တော်တို့ စိုက်ပျိုးစရိတ်ချေးငွေအဖြစ်နဲ့ချေးတာကတော့ အစဉ်အဆက် ၁၉၅၄ ခုနှစ်ကတည်းက နှစ်ချင်းဆပ်သူကတော့ Seasonal Loan ဖြစ်ပါတယ်။ ရာသီအပေါ်တဲ့အချိန်မှာ ပြန်ပြီးတော့ဆပ်ရတဲ့ ဒါက စိုက်ပျိုးစရိတ်ကိုလည်း ကာမိအောင်ချေးပေးဖြစ်ပြီးတော့ အစိုးရကလည်း တောင်သူလယ်သမားများကို ကူညီထောက်ပံ့(Subsidy)လုပ်ပေးပြီးတော့မှ ကျွန်တော်တို့ ရာသီပေါ်တဲ့အချိန်မှာ ပြန်ပြီးတော့ဆပ်ခိုင်းတာဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် ကျွန်တော်တို့ ဒီလိုနှစ်ရှည်ချေးငွေတွေက သမိုင်းကိုပြန်လေ့လာကြည့်တဲ့အခါမှာ သိပ်မရှိသလောက်ရှားပါတယ်။ အခုတော့ ကျွန်တော်တို့ ဒါကို လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း မေးမြန်းတင်ပြတဲ့အချက်နဲ့လည်း ကိုက်ညီမှုရှိပါတယ်။ ဒီဘက်ခေတ်ကျမှ နှစ်ရှည်ချေးငွေ၊ နှစ်လတ်ချေးငွေပေါ့လေ။ သုံးနှစ်တို့၊ ငါးနှစ်တို့သတ်မှတ်ပြီးတော့ ချေးတဲ့အနေအထားမျိုးကို ကျွန်တော်တို့ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ JICA ရတဲ့ငွေ ၁၈၀ ဘီလီယံလောက်ကတော့ သုံးနှစ်၊ ငါးနှစ်သတ်မှတ်ပြီးချေးနိုင်ပေမဲ့ သူ့ရဲ့ချေးငွေရဲ့အဓိက ရည်ရွယ်ချက်က စက်မှုလယ်ယာဖွံ့ဖြိုးရေးကို ဦးစားပေးတာဖြစ်တဲ့အတွက်ကြောင့် စက်ကိရိယာဝယ်ဖို့တို့၊ ထွန်စက်တွေဝယ်ဖို့တို့၊ ရိတ်သိမ်းခြွေလှေ့စက်တွေဝယ်တို့ ဦးစားပေးပြီးတော့ ဒီလိုဝယ်မယ့် လယ်သမားတွေကိုလည်း ကျွန်တော်တို့ရွာအရောက်သွားပြီးတော့ ချေးပေးပြီးတော့ သူတို့လည်း အခု ဒီထွန်စက်တွေနဲ့အသုံးပြုပြီးတော့ ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ နောက် စက်ကိရိယာရယ်လို့မဟုတ်ဘဲနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက်ကို အားပေးဆောင်ရွက်ဖို့အနေနဲ့ စောစောက ကျွန်တော်တင်ပြသလို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က သူ့ရဲ့ပုံမှန်လုပ်နေကျ စိုက်ပျိုးစရိတ်ချေးငွေတွေအပြင်ကို ထပ်ပြီးတော့ အထူးချေးငွေသဘောမျိုးနဲ့ ဒီလိုသုံးနှစ်တို့၊ ငါးနှစ်တို့သတ်မှတ်ပြီး ချေးဖို့အတွက်ကို မြန်မာ့စီးပွားရေးဘဏ်ထံကနေ ထပ်ပြီးတော့ချေးယူပါတယ်။ ဒါကတော့ အခုလောလောဆယ်မှာ ဘီလီယံ ၂၀၀ လောက် ကျွန်တော်တို့သတ်မှတ်ထားပါတယ်။ ဒီဘီလီယံ ၂၀၀ လောက်ကိုလည်း တစ်ပြည်လုံးကို ဖြန့်ကြက်ပြီးတော့ ချေးရမှာဖြစ်ပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့သတ်မှတ်ချက်နဲ့ကိုက်ညီတဲ့ တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးကိုလုပ်တဲ့လူတွေဟာ ချေးငွေစည်းမျဉ်း

စည်းကမ်းများကို လေ့လာပြီးတော့ သက်ဆိုင်ရာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှာ လာရောက်ပြီးတော့ လိုအပ်တဲ့ပုံစံတွေဖြည့်ပြီးတော့ ချေးယူနိုင်ပါတယ်။ သတ်မှတ်ထားတဲ့ပုံစံ(၇)ဆိုလည်း ပုံစံ(၇)ကို ကျွန်တော်တို့ မူရင်းကိုအာမခံပေးပြီးတော့ ချေးနိုင်တယ်ဆိုတဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

**နိုင်ငံတော်အတွက် အခွန်ငွေအများဆုံးရှာဖွေထည့်ဝင်ပေးကြရမည့် အခွန်ထမ်းကြီးများနှင့် အလယ်အလတ်အခွန်ထမ်းများမှ အခွန်ရှောင်တိမ်းမှု လျော့ကျလာစေရေးအတွက် အခွန်ငွေကို လိုလိုလားလားနှင့် ပြည့်ပြည့်ဝဝထမ်းဆောင်လာမှုအပေါ် နိုင်ငံတော်မှ အသိအမှတ်ပြုပြန်လည်ဂုဏ်ပြုသည့်သဘောဖြင့် မက်လုံးပေးဆွဲဆောင်အခွန်ထမ်းဆောင်စေသောစနစ်(Incentive Payable Taxation System)မျိုးပြောင်းလဲဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ နိုင်ငံတော်အတွက်လိုအပ်နေတဲ့အခွန်ငွေတွေကို ပိုမိုရရှိလာစေရေး၊ အခွန်ရှောင်တိမ်းမှုလျော့ကျလာစေရေးတို့အတွက် နိုင်ငံတော်က ဆောင်ရွက်နေတဲ့တည်ဆောက်ရေးလုပ်ငန်းတွေ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ၊ ကန်ထရိုက်တာလုပ်ငန်းတွေနဲ့တွဲပြီး အခွန်ထမ်းဆောင်မှုအပေါ်မှာမူတည်ပြီးတော့ နိုင်ငံတော်က ပြန်လည်ကျေးဇူးတုံ့ပြန်တဲ့သဘောမျိုးနဲ့ မက်လုံးပေးဆွဲဆောင်တဲ့ အခွန်ကောက်ခံတဲ့စနစ်မျိုး ဆောင်ရွက်စေလိုတဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ဒါကလည်းပဲ ဝန်ကြီးဌာနအားလုံးက ပူးပေါင်းဆောင်ရွက်မှအောင်မြင်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့နိုင်ငံတော်ဘတ်ဂျက်ဟာ နှစ်တိုင်းလိုလို လိုငွေပြနေတာအားလုံးအသိပဲဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်ပြုပြင်ပြီးမှ ကျပ်ဘီလီယံ ၄၀၀၀ ကျော် လိုငွေရှိတာတွေ့ရပြီးတော့ ၃၁-၃-၂၀၁၇ ရက်နေ့မှာ နိုင်ငံခြားကြွေးမြီ လက်ကျန် US Dollar သန်း ၉၁၀၀ ကျော်နဲ့ ပြည်တွင်းကြွေးမြီကျပ်ဘီလီယံ ၁၈၀၀၀ ကျော်လောက်ရှိကြောင်းလည်း သိရပါတယ်။ ရေရှည်ဖြစ်ပေါ်နေတဲ့ ဒီလိုကြွေးမြီတွေကို ဖြေရှင်းနိုင်ဖို့ကအခွန်ငွေအများဆုံးရနိုင်တဲ့ လုပ်ငန်းရှင်ကြီးတွေနဲ့ အလယ်အလတ်အခွန်ထမ်းကြီးတွေအပေါ်မှာ မူတည်နေပါတယ်။ ဒါကြောင့်လည်းပဲ အခွန်ထမ်းကြီးများနဲ့ နိုင်ငံတော်အပေါ်ထားတဲ့စေတနာ၊ အခွန်ပေးဆောင်နိုင်စွမ်းတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ နိုင်ငံတော်က အခွန်အများဆုံးထမ်းဆောင်သူများစာရင်းကြေညာပြီးတော့ ဂုဏ်ပြုနေရုံနဲ့ မလုံလောက်ဘူးလို့ယူဆတဲ့အတွက် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ အခွန်ထမ်းကြီးများနဲ့ အလယ်အလတ်အခွန်ထမ်းကြီးများအနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် အခွန်ရှောင်တာ၊ လျော့နည်းပေးသွင်းတာတွေရှိပါတယ်။ ၂၀၁၂ ခုနှစ်၊ စစ်တမ်းတွေအရ အခွန်ပေးဆောင်မှုပျက်ကွက် သူ ၁၀၆၇၀ လောက်ရှိတယ်လို့လည်း သိရပါတယ်။ ဝင်ငွေခွန်နှင့်၊ ကုန်သွယ်ခွန်နှင့် အထူးကုန်စည်ခွန်တွေဟာ နိုင်ငံတော်ရဲ့အဓိကအခွန်ရငွေတွေဖြစ်တာ တွေ့ရပါတယ်။ နိုင်ငံတော်အနေနဲ့ အခွန်ထမ်းတွေနဲ့ကြားအဆင်ပြေစေဖို့ ပြည်တွင်းအခွန်ဦးစီးဌာနကလည်းပဲ

ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်နဲ့ တံဆိပ်ခေါင်းခွန်နှုန်းထားတွေ လျှော့ချပေးတာလည်း တွေ့ရပါတယ်။ အခွန်ရငွေတွေကို GDP နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ၈.၅ ရာခိုင်နှုန်းနှင့် ၈.၇ ရာခိုင်နှုန်းပဲရှိတဲ့အတွက် အလွန်နည်းတာကိုလည်း တွေ့ရပါတယ်။ အခွန်ငွေဟာ နိုင်ငံတစ်နိုင်ငံ အတွက် အလွန်အရေးကြီးတဲ့အတွက် ဒီအခွန်ငွေ မှန်မှန်ကန်ကန်နဲ့မျှမျှတတရရှိနိုင်ဖို့က အခွန်ထမ်းဆောင်နေတဲ့သူတွေအပေါ်မှာ အများကြီးမူတည်နေပါတယ်။ ဒါကြောင့် အခွန်ထမ်းဆောင်မှုအခြေအနေနှင့်အညီ နိုင်ငံတော်ကဆောင်ရွက်လျက်ရှိတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ၊ ပစ္စည်းဝယ်ယူမှုတွေ၊ ငွေကြေးဆိုင်ရာလုပ်ငန်းတွေ၊ မြေယာအသုံးချမှု ဆိုင်ရာလုပ်ပိုင်ခွင့်တွေ၊ နိုင်ငံပိုင်သယံဇာတထုတ်လုပ်မှုလုပ်ငန်းတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေနဲ့ သွင်းကုန်/ထုတ်ကုန်လုပ်ငန်းလိုင်စင်တွေစတဲ့လုပ်ငန်းတွေ လုပ်ပိုင်ခွင့်ချထားပေးတဲ့အခါမှာ အခွန်ထမ်းဆောင်မှုအခြေအနေ အနေအထားပေါ်မူတည်ပြီးတော့ ဦးစားပေးချထားတဲ့စနစ်မျိုး ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် အခွန်ထမ်းဆောင်လိုစိတ်ကို ပြိုင်ဆိုင်မှုဖြစ်ပေါ်စေပြီးတော့ နိုင်ငံတော်အတွက်လည်း အကျိုးရှိလာနိုင်မယ်လို့ယူဆပါတယ်။ တစ်ဖက်ကလည်း တင်ပြခဲ့တဲ့လုပ်ပိုင်ခွင့်တွေချထားပေးရာမှာ မသမာမှု၊ လက်သိပ်ထိုးဆောင်ရွက်မှု၊ ဘက်လိုက်မှုစတာတွေကိုလည်း တစ်ဖက်တစ်လမ်းက ထိန်းချုပ်လာနိုင်မှာဖြစ်ပြီးတော့ နိုင်ငံတော်နှင့် အခွန်ထမ်းနှစ်ဦးနှစ်ဖက်ကြား အကျိုးရှိလာနိုင်မယ်လို့ယူဆပါတယ်။ ဒီလိုလုပ်ဆောင်နိုင်ဖို့ လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေကိုလည်း ပြင်ဆင်ရေးဆွဲဖို့လိုမှာဖြစ်ပါတယ်။ ဒါကြောင့်နိုင်ငံတော်အတွက် အရေးပါတဲ့ အခွန်ငွေပိုမိုတိုးတက်ရရှိလာနိုင်ရေး၊ အခွန်ထမ်းတာဝန်လုပ်ငန်းရှင်များအတွက်လည်း မှန်ကန်မျှတပြီးတော့ အကျိုးစီးပွားတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရေး၊ ဂုဏ်ပြုတဲ့သဘောအနေနဲ့ မက်လုံးပေးဆွဲဆောင်စည်းရုံးတဲ့ အခွန်ထမ်းဆောင်စေတဲ့စနစ်(Incentive Payable Taxation System)ပုံစံမျိုးတီထွင်ပြောင်းလဲဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့ နိုင်ငံတော်မှနှစ်စဉ်နှစ်တိုင်းကြုံတွေ့နေရတဲ့ ဘတ်ဂျက်လိုငွေပြမှုအတွက် အဓိကအရေးပါတဲ့ နိုင်ငံတော်မှ ရရန်ရှိသော အခွန်ငွေအပြည့်အဝရရှိလာစေရေးနှင့် အခွန်ရှောင်တိမ်းမှုလျော့နည်းလာစေရေးကို ရည်ရွယ်ပြီးတော့ နိုင်ငံတော်အတွက် အခွန်ငွေအများဆုံးရှာဖွေထည့်ဝင်ပေးကြရမည့် အခွန်ထမ်းကြီးများနှင့် အလယ်အလတ်အခွန်ထမ်းများမှ အခွန်ရှောင်တိမ်းမှုလျော့ကျလာစေရေး၊ အခွန်ငွေကို လိုလိုလားလားနှင့်ပြည့်ပြည့်ဝဝထမ်းဆောင်လာမှုအပေါ် နိုင်ငံတော်မှ အသိအမှတ်ပြုပြန်လည်ဂုဏ်ပြုသည့်သဘောဖြင့် မက်လုံးပေးဆွဲဆောင်အခွန်ထမ်းဆောင်စေသောစနစ်(Incentive Payable Taxation System) စနစ်မျိုးပြောင်းလဲဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ပြည်တွင်းအခွန်များဦးစီးဌာနဟာ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေသိန်းဆုခွန်စတဲ့အခွန်(၅)မျိုးကို တာဝန်ယူကောက်ခံလျက်ရှိပါတယ်။ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန်အကောက်များ အပြည့်အဝရရှိဖို့နဲ့ အခွန်လွတ်ကင်းတိမ်းရှောင်မှုများ မဖြစ်ပေါ်စေရေးအတွက် ရှင်းလင်းလွယ်ကူတဲ့ ခေတ်မီအခွန်စနစ်တစ်ရပ်ဖြစ်စေဖို့နဲ့ အခွန်ဌာနကိုလည်း ဂုဏ်သိက္ခာရှိတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နိုင်ဖို့မူဝါဒချမှတ်ပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ရသင့်ရထိုက်တဲ့ အခွန်များလွတ်ကင်းမှုမရှိစေဖို့အတွက် ဆောင်ရွက်ချက်တစ်ခုကိုတင်ပြရမယ်ဆိုရင် အစိုးရအဖွဲ့အစည်းများက တင်ဒါခေါ်ယူခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုပေးရာတွင်လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များက လုပ်ငန်းလိုင်စင်ထုတ်ပေးရာတွင်လည်းကောင်း အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ပါရှိမှသာ လုပ်ကိုင်ခွင့်ပြုဖို့အတွက် သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများနဲ့ ညှိနှိုင်းထားပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတော့မှ အခွန်ပေးဆောင်ပြီးကြောင်း လက်မှတ်ပါမှသာ ဒီလုပ်ငန်းများကို ချပေးခြင်းဖြစ်ပါတယ်။ အခွန်အပြည့်အဝကောက်ခံရရှိရေးအတွက် အခွန်ထမ်းပြည်သူများအနေနဲ့ အခွန်ပေးဆောင်တဲ့ အလေ့အကျင့်ရရှိစေရေးအတွက် အခွန်ပညာပေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။

အခွန်တာဝန်ကျေပွန်တဲ့သူများကို ချီးမြှင့်မှုအနေနဲ့ လတ်တလောအခြေအနေမှာ အခွန်အများဆုံးထမ်းဆောင်ခဲ့ကြတဲ့ အခွန်ထမ်း ၁၀၀၀ စာရင်းကို ထုတ်ပြန်ကြေညာပေးခြင်း၊ အခွန်တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြတဲ့ အခွန်ထမ်းအားလုံးကို ကျေးဇူးတင်ရှိကြောင်း ကြေညာပေးခြင်းတို့ကို ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ကိုယ်စား ထုတ်ပြန်ပေးလျက်ရှိပါတယ်။ ထို့ပြင် နိုင်ငံတော်အဆင့် အခမ်းအနားပြုလုပ်ပြီးတော့ အခွန်အများဆုံးထမ်းဆောင်သူ ၁၀၀ ဦးကို အခမ်းအနားဖြင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားများကိုလည်း ပြည်ထောင်စုအဆင့်မှာ နှစ်စဉ်ကျင်းပပေးလျက် ရှိပါတယ်။ ယခုအခါမှာ တိုင်းဒေသကြီး၊ ပြည်နယ်များကလည်း အလားတူဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှာ နိုင်ငံတော်သမ္မတကိုယ်တိုင် သမ္မတအိမ်တော်မှာ ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ ၁၀ ဦးနှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူ ၁၀ ဦးကိုလည်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

ဤသို့ဆောင်ရွက်ပေးခြင်းအားဖြင့် အဖွဲ့အစည်းအတွက်လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်လည်းကောင်း စံနမူနာပြုသည့်အနေဖြင့် နိုင်ငံတော်အဆင့်က ဂုဏ်ပြုခြင်းဖြစ်ပြီးတော့ ပုဂ္ဂိုလ်/အဖွဲ့အစည်းရဲ့ဂုဏ်သိက္ခာကိုမြင့်မားစေခြင်း၊ လုပ်ငန်းအတွက် အမည်ကောင်းဂုဏ်သတင်းရရှိစေခြင်းတို့ ဖြစ်ပေါ်စေပါတယ်။ ထို့အပြင် နိုင်ငံတော်အတွင်း အများနည်းတူအခွင့်အရေးများရယူခံစားနေပြီးတော့ အခွန်ပေးဆောင်ထိုက်တဲ့ဝင်ငွေရှိပါလျက်နဲ့ အခွန်မပေးဆောင်သူများကိုလည်း အခွန်ပေးဆောင်လိုစိတ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြီးဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နှစ်တစ်နှစ်အတွင်းမှာ အခွန်ထမ်းရဲ့လုပ်ငန်းဆောင်ရွက်မှုအပေါ်မှာမူတည်ပြီးတော့ အခွန်ပေးဆောင်ရမှု အနေအထားကလည်း တူညီမှုရှိနိုင်မည်မဟုတ်ပါဘူး။ အခွန်ထမ်းဆောင်မှုအနေအထားအတိုင်း လုပ်ငန်းလိုင်စင်များကို ဦးစားပေးချထားတဲ့စနစ်မျိုး ကျင့်သုံးနိုင်ဖို့ကိစ္စဟာ လုပ်ငန်းလိုင်စင်ချထားဆောင်ရွက်ပေးနေတဲ့ဌာနများအနေနဲ့ တင်ဒါခေါ်ယူပြီးတော့ တင်ဒါလုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များအတိုင်း

ပွင့်လင်းမြင်သာစွာနဲ့ ဆောင်ရွက်နေရခြင်းဖြစ်သဖြင့် စျေးနှုန်းယှဉ်ပြိုင်မှု၊ လုပ်ငန်းအရည်အသွေး စသည်တို့အရ အကဲဖြတ်ရွေးချယ်ပေးရတဲ့ကိစ္စဖြစ်ပါတယ်။ အခွန်အများဆုံးပေးဆောင်တဲ့ အခြေအနေကို အကဲဖြတ်အမှတ်ပေးတဲ့စနစ်မှာ အမှတ်အနည်းအများခွဲခြားဖို့ နည်းလမ်းတစ်ရပ်အနေနဲ့ ထည့်သွင်းကျင့်သုံးနိုင်မှာဖြစ်ပေမဲ့ အခြားသောအချက်များကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ ရသင့်ရထိုက်တဲ့အခွန်များ လွတ်ကင်းမှုမရှိဘဲရရှိစေရန်နှင့် ပေးသင့်ပေးထိုက်တဲ့ကင်းလွတ်ခွင့်၊ သက်သာခွင့်များကိုသာ အခွန်ထမ်းများသို့ခံစားခွင့် ပေးအပ်ရန် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

တည်ဆောက်ရေးလုပ်ငန်းများအတွက် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ ပစ္စည်းဝယ်ယူမှုများအတွက် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ မြေယာအသုံးချမှုဆိုင်ရာလုပ်ပိုင်ခွင့်များ၊ နိုင်ငံပိုင်သယံဇာတထုတ်ယူမှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ သွင်းကုန်/ထုတ်ကုန် လုပ်ငန်းလိုင်စင်များ စသည်ဖြင့် လုပ်ငန်းများအပေါ်မှာ လုပ်ပိုင်ခွင့်များချထားပေးခြင်းတို့မှာ အခွန်မက်လုံးအဖြစ်နဲ့ အခွန်ပေးဆောင်ပြီးကြောင်း၊ အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ပါရှိမှသာ ဆောင်ရွက်ရန်သတ်မှတ်ပေးထားတဲ့အတွက်ကြောင့် ၎င်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိလိုတဲ့သူများဟာ အခွန်ပေးဆောင်ထားတဲ့ အထောက်အထားကို ပြသရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုမြင့်မားလာစေရန်နှင့် ကဏ္ဍအလိုက် တိုးတက်ဖွံ့ဖြိုးစေရန် အခွန်ဆိုင်ရာမက်လုံးပေးမှုများဖြစ်တဲ့ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်တွေကိုလည်းပဲ ဒေသအလိုက်၊ အချိန်ကာလအလိုက် ဥပဒေမှာကိုခွင့်ပြုပေးထားပါတယ်။

ထို့အပြင် ရသင့်ရထိုက်တဲ့အခွန်ငွေများ အပြည့်အဝကောက်ခံရရှိနိုင်ရေးအတွက် အခွန်ဆိုင်ရာအသိပညာပေးလုပ်ငန်းများကျယ်ပြန့်စွာပြုလုပ်ပြီးတော့ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြီး ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၃၈ မှာလည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၄ မှာလည်းကောင်း၊ ဆုပေးဒဏ်ပေးစနစ်ကို အခွန်ဆိုင်ရာဆွဲဆောင်မှုအနေဖြင့် ထည့်သွင်းပြဋ္ဌာန်းပေးခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုရဲ့အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ ပုဒ်မခွဲ(က)မှာ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သောချီးမြှင့်ငွေများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမယ်လို့ ပြဋ္ဌာန်းပေးထားပါတယ်။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုရဲ့အခွန်အကောက်ဥပဒေမှာလည်း အဲဒီပြဋ္ဌာန်းချက်ကို ဆက်လက်ထည့်သွင်းပြဋ္ဌာန်းပေးထားပါတယ်။ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ နှစ်စဉ်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးထားရှိတဲ့ Incentive Payable နဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်နိုင်မယ့်နည်းလမ်းများကို ဆက်လက်ထည့်သွင်းသုံးသပ်ပြီးတော့ ဆောင်ရွက်သွားမယ့်အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မင်းတုန်းမြို့နယ်တွင်(၂)မိုင်ပတ်ဝန်းကျင်အတွင်း မီးရယူနိုင်ရန် အဆင်သင့်ဖြစ်နေသော ကျေးရွာများအား လျှပ်စစ်မီးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ ကျွန်မမေးလိုတဲ့မေးခွန်းမှာ မင်းတုန်းမြို့နယ်အတွင်း နှစ်မိုင်ပတ်ဝန်းကျင်ရှိ ကျေးရွာ ၂၀ ရွာအား လျှပ်စစ်မီးလင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မင်းတုန်းမြို့နယ် အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်အစိုးရက 66 KV, 11 KV 5 MVA ဓာတ်ခွဲရုံ တစ်ရုံကို ချထားပေးခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှာ မင်းတုန်းမြို့ပေါ်ရှိ ရပ်ကွက် လေးခုကို ၂၄ နာရီစတင်၍ မီးလင်းနိုင်ခဲ့ပါတယ်။ ပြီးနောက် ကျေးရွာငါးရွာပါ တံတားအုပ်စုမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် လျှပ်စစ်မီးရယူနိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ဘဏ္ဍာရေးနှစ်များမှာ လျှပ်စစ်မီးရရှိရေးနှင့်ပတ်သက်ပြီး ဘဏ္ဍာငွေရရှိခဲ့ခြင်း မရှိခဲ့ပါဘူး။ ၂၀၁၇ ခုနှစ် ဇွန်လပိုင်းမှာ NEP စီမံချက်နဲ့ နှစ်မိုင်အတွင်းကျေးရွာများ လျှပ်စစ်မီးရရှိတော့မယ်လို့ ကြားသိရလို့ ပြည်သူများ ဝမ်းသာစွာနှင့် စောင့်စားလာခဲ့ရပြီး တဖြည်းဖြည်းနဲ့ နောက်ဆုတ်လာခဲ့တာ ယနေ့အချိန်အထိ ထိုကျေးရွာများမှာ လျှပ်စစ်မီးမရရှိသေးပါဘူးရှင်။ ပြည်သူများရဲ့မျှော်လင့်ချက်များ ကင်းမဲ့နေပြီဖြစ်သလို ကျွန်မတို့ကိုယ်စားလှယ်များအပေါ်မှာလည်းပဲ လျှပ်စစ်မီးနဲ့ပတ်သက်ပြီး ယုံကြည်ချက်များ ကင်းမဲ့နေပြီဖြစ်ပါတယ်။ အမှန်တကယ်တော့ အဲဒီ NEP စီမံချက်ကြောင့်ပါပဲ။ စီမံချက်ထဲပါတယ်ဆိုပြီး စောင့်စားနေရတာ အချိန်တွေသာကုန်သွားတယ် စီမံချက်ရဲ့တိကျတဲ့အဖြေ မသိရလို့ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့မှာ တိကျတဲ့အဖြေကို သိချင်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့် ပေးပါရှင်။ ယခုပုံမှာမြင်ရတဲ့ အနီရောင်အဝိုင်းလေးတွေနဲ့ပြထားတဲ့ ကျေးရွာတွေဟာ မင်းတုန်းမြို့ရဲ့ နှစ်မိုင်အတွင်းမှာရှိတဲ့ ကျေးရွာတွေဖြစ်ပါတယ်။ ဒီကျေးရွာတွေမှာ ဌာနရဲ့စံချိန်စံညွှန်းအတိုင်းဖြစ်တဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်းများနဲ့ ABC Cable ကြိုးများ တပ်ဆင်ပြီးဖြစ်ပါတယ်။ လျှပ်စစ်မီးယူဖို့ Ready ဖြစ်နေတဲ့ ရွာတွေပဲဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ လျှပ်စစ်မီးရယူနိုင်ရန် အဆင်သင့်ဖြစ်နေတဲ့ မင်းတုန်းမြို့နယ်ရဲ့ နှစ်မိုင်အတွင်းရှိကျေးရွာများအား လျှပ်စစ်မီးရရှိရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား အထက်ပါမေးခွန်းကို မေးမြန်းလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒီနေ့ လွှတ်တော်အစည်းအဝေးကို တက်ရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာ

အပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုမေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မင်းတုန်းမြို့နယ်အတွင်းမှာ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)ရဲ့ ပထမအဆင့်နဲ့အကျုံးဝင်တဲ့ ကျေးရွာပေါင်း၂၁ ရွာ စာရင်းကောက်ယူရရှိခဲ့တာဖြစ်ပါတယ်။ အဆိုပါ ၂၁ ရွာအနက်ကနေပြီးတော့ တံတားကျေးရွာအုပ်စုနဲ့ အင်လယ်ကုန်းကျေးရွာအုပ်စုမှာပါဝင်တဲ့ ကျေးရွာ ၅ ရွာကတော့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ မကွေးတိုင်းဒေသကြီးအစိုးရရန်ပုံငွေနဲ့ ဆောင်ရွက်ပေးခဲ့တဲ့အတွက်ကြောင့် လျှပ်စစ်ဓာတ်အားရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီ့အတွက် NEP စီမံကိန်းရဲ့ ပထမအဆင့်မှာပါဝင်ပြီးတော့ မီးလင်းရန်ကျန်ရှိနေတဲ့ ကျေးရွာ ၁၆ ရွာရှိနေတာဖြစ်ပါတယ်။ NEP စီမံကိန်းအတွက်ပထမအဆင့်မှာပါဝင်တဲ့ လုပ်ငန်းတွေကိုဆောင်ရွက်နိုင်ဖို့လိုအပ်တဲ့ ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံပစ္စည်းတွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကမ္ဘာ့ဘဏ်ရဲ့ သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ကျွန်တော်တို့က နိုင်ငံတကာတင်ဒါခေါ်ယူခဲ့ရတာဖြစ်ပါတယ်။ အဆိုပါ နိုင်ငံတကာတင်ဒါကိုခေါ်ယူတဲ့အတွက် ဆောင်ရွက်ရတဲ့အခါမှာ လိုအပ်တဲ့ ထရန်စဖော်မာတွေအတွက် တင်ဒါတွေ၊ ကွန်ကရစ်ကျောက်တိုင်တွေအတွက် တင်ဒါတွေ၊ Steel Pole တွေအတွက် တင်ဒါတွေ၊ ACSR ကြိုးတွေအတွက် တင်ဒါတွေ၊ ကြွေသီးနှင့်ဆက်စပ်ပစ္စည်းတွေ၊ သံလက်တန်းတွေအမျိုးစုံကို သတ်မှတ်ချက်အတိုင်း တင်ဒါတွေအုပ်စုခွဲပြီး ခေါ်ယူခဲ့ရပါတယ်။ ဒီလိုတင်ဒါတွေခေါ်ယူခဲ့တဲ့အခါမှာ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်တွေက ထုတ်လုပ်တဲ့ပစ္စည်းတွေကို အတတ်နိုင်ဆုံး၊ အများဆုံးရောင်းချနိုင်ရင် ပြည်သူတွေလည်းတစ်ဖက်မှာ လျှပ်စစ်ဓာတ်အားရရှိသလို မိမိနိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံသားတွေရဲ့ ထုတ်ကုန်ပစ္စည်းတွေလည်း တိုးတက်ရောင်းချနိုင်စွမ်းရှိအောင် စီစဉ်ဆောင်ရွက်ပေးရတဲ့အတွက်ကြောင့် ညှိနှိုင်းမှုများစွာ ကမ္ဘာ့ဘဏ်နဲ့ အကြိမ်ကြိမ်ဆောင်ရွက်ရတဲ့အခါမှာ ပစ္စည်းဝယ်ယူရေးကိစ္စ၊ တင်ဒါခေါ်ယူရေးကိစ္စရဲ့ စည်းကမ်းချက်တွေ၊ ၎င်းတို့ရဲ့စည်းကမ်းချက်၊ သတ်မှတ်ချက်တွေကို ဖြေလျှော့ပေးဖို့ အချိန်အများကြီးယူခဲ့ရတာဖြစ်ပါတယ်။ ဒီ့အတွက် တင်ဒါခေါ်ယူရေးကိစ္စ နောက်ကျတဲ့ကိစ္စတွေ ဖြစ်ခဲ့ပါတယ်။ သို့မဟုတ်ပါက ၎င်းတို့ရဲ့သတ်မှတ်ချက်များအရဆိုရင် ပြည်ပနိုင်ငံများက ယှဉ်ပြိုင်တဲ့ပစ္စည်းများကို ဦးစားပေးပြီး ရောင်းချခွင့်ရရှိသွားမယ့် အနေအထားဖြစ်ပါတယ်။ ထို့ကဲ့သို့ တင်ဒါတွေခေါ်ယူခဲ့တဲ့အခါမှာ ဥပမာအားဖြင့် ကွန်ကရစ်ကျောက်တိုင်တွေကို တင်ဒါခေါ်တဲ့အခါမှာ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းတိုင်းဒေသကြီးအနှံ့မှာ နိုင်ငံသားကျောက်တိုင်လုပ်ငန်းရှင်တွေရှိတဲ့အတွက်ကြောင့် ပေးသွင်းနိုင်မယ်လို့လည်း ကျွန်တော်တို့ မျှော်ကိုးခဲ့တာဖြစ်ပါတယ်။ တကယ်တင်ဒါခေါ်လိုက်တဲ့အခါမှာ ကျွန်တော်တို့တွေ့ကြုံခဲ့ရတာက ကျောက်တိုင်တင်ဒါတွေကို Lot ပေါင်းများစွာ တိုင်းဒေသကြီး/ပြည်နယ်တွေခွဲပြီး ခေါ်ခဲ့သည့်တိုင် အချို့သော Lot များကို မိမိတို့နိုင်ငံသားလုပ်ငန်းရှင်တွေက အချို့သော Lot ကို မည်သူမျှ ဝင်ရောက်ယှဉ်ပြိုင်မှုမရှိခဲ့တာတွေလည်း တွေ့ရှိရပါတယ်။ ဒီအခါမှာ ပစ္စည်းတွေတင်ဒါခေါ်ခဲ့သော်လည်း တင်ဒါပိတ်ရက်အချိန်ထိမှာ ကျွန်တော်တို့ ယှဉ်ပြိုင်သူမရှိတဲ့အတွက်ကြောင့် နောက်တစ်ကြိမ်ထပ်မံ တင်ဒါခေါ်ရတဲ့ဘဝတွေ၊ ဒီလိုအခြေအနေတွေ တွေ့ကြုံရတာဖြစ်ပါတယ်။ ဒါဟာ မူလမျှော်မှန်းတဲ့အချိန်ထက် အချိန်နောက်ကျသွားရတဲ့ကိစ္စရပ်တွေကို အနည်းငယ်ရှင်းလင်းတင်ပြတာဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ ဒီ NEP ရဲ့ ပထမအဆင့်လုပ်ငန်း

ကို ပျက်ပြယ်ခြင်းမရှိဘဲ ကျွန်တော်တို့ မြန်ဆန်သည်ထက်မြန်ဆန်အောင် အားကြိုးမာန်တက် လစဉ် တစ်လတိုင်းမှာလည်း အပတ်စဉ် World Bank နဲ့ ကျွန်တော်တို့ဝန်ကြီးဌာနမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ အကြိမ်ကြိမ်ဆွေးနွေးပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်ဆိုတာကိုလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များကို ရှင်းလင်းတင်ပြလိုတာဖြစ်ပါတယ်။ ယခု တင်ဒါခေါ်ထားပြီး အောင်မြင်ထားတဲ့ပစ္စည်းတွေ ရောက်ရှိလာတဲ့အခါမှာ ကျွန်တော်တို့ NEP ရဲ့ပထမအဆင့် တည်ဆောက်ရေးလုပ်ငန်းတွေကို အမြန်ဆုံးစတင် ဆောင်ရွက်သွားဖို့ စီစဉ်ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျွန်တော်တို့လက်ရှိ ဖြစ်ပေါ်နေတဲ့အခြေအနေအရ ကျွန်တော်တို့ခန့်မှန်းမျှော်မှန်းတာကတော့ ၂၀၁၈ ခုနှစ် စက်တင်ဘာလနောက်ပိုင်းကစပြီးတော့ စတင်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးနိုင်မယ်လို့ ခန့်မှန်းထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မဘိမ်းမြို့ (၂၄)နာရီ လျှပ်စစ်မီးရရှိရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်နေပြီး မည်သည့်အချိန်တွင် ရရှိမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်ရှိန်(မဘိမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရှိန်ဖြစ်ပါတယ်။ ဒီကနေ့အစည်းအဝေးမှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ မဘိမ်းမြို့ ၂၄ နာရီမီးလင်းရေးအတွက် ဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့အတွက် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ မဘိမ်းမြို့နယ်ဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်မှာ တည်ရှိပါတယ်။ အသစ်ဖွဲ့စည်းလိုက်တဲ့ မိုးမိတ်ခရိုင်မှာ မိုးမိတ်၊ မဘိမ်းဆိုပြီးတော့မှ မြို့နှစ်မြို့ရှိပါတယ်။ အခုလက်ရှိအနေအထားမှာ မိုးမိတ်မြို့ဟာ ၂၄ နာရီမီးလင်းနေပြီဖြစ်ပါတယ်။ မဘိမ်းမြို့နှင့် မိုးမိတ်မြို့ဟာ ၃၆ မိုင်ဝေးပါတယ်။ ကျွန်တော်တို့မဘိမ်းမြို့ဟာ အိမ်ခြေ ၁၁၀၀ လောက်ရှိပြီးတော့မှ ရပ်ကွက်လေးရပ်ကွက်နဲ့ဖွဲ့စည်းထားပြီးတော့မှ အဓိကလယ်ယာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျပါတယ်။ အခုလက်ရှိ မီးပေးနေတဲ့အနေအထားဟာဆိုလို့ရှိရင် ၃၀၀ ကေဗွီအေ ဒီဇယ်အင်ဂျင်နဲ့ တစ်ရက်ကို တစ်ညကို သုံးနာရီမီးပေးနေတာဖြစ်ပါတယ်။ အခုမီးပေးနေတဲ့အပိုင်းမှာ ပူအိုက်တဲ့ရာသီရောက်ပြီဆိုရင် Overload တွေဖြစ်ပြီးတော့မှ ခံနိုင်ဝန်အားကလည်း မရှိတော့ပါဘူး။ အဲဒီတော့ အလှည့်ကျမီးပေးရတဲ့စနစ်ကို ကျင့်သုံးပါတယ်။ ကျွန်တော်တို့မြို့နယ်ထဲကို အထက်ရွှေလီဘက်ကနေပြီးတော့မှ တကောင်းနီကယ်လ်ကိုသွားတဲ့ ဓာတ်ကြိုးနဲ့လည်း ၁၈ မိုင် မဘိမ်းမြို့နယ်ထဲကနေဖြတ်သွားပါတယ်။ အဲဒီကလည်း လျှပ်စစ်မီးမရရှိပါဘူး။ အခုလက်ရှိတည်ဆောက်နေတဲ့ ရွှေလီ(၃) ရေအားလျှပ်စစ်စက်ရုံနှင့်လည်း ကျွန်တော်တို့ ၁၈ မိုင်လောက်ဝေးပါတယ်။ အဲဒါကလည်း အခုအချိန်

အထိ လျှပ်စစ်မီးရရှိဖို့ အနေအထားဟာ တော်တော်လေးခက်ခဲနေတယ်လို့ ကျွန်တော်တို့ပြောလို့ရပါတယ်။ ဒီမေးခွန်းကို အရင်ပထမအကြိမ် လွှတ်တော်တုန်းကလည်းပဲ အရင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒီကနေ့အချိန်အထိ အကောင်အထည်ဖော်တာ မရှိသေးပါဘူး။ အကယ်၍ ၂၄ နာရီမီးရရှိခဲ့မယ်ဆိုလို့ရှိရင် အိမ်ခြေပေါင်း ၂၁၉၇ အိမ်နှင့် လူဦးရေပေါင်း ၁၀၀၀၀ နီးပါးအတွက် လူမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ အခုကတော့ ထင်း၊ မီးသွေးကို အသုံးပြုနေရသဖြင့် သဘာဝပတ်ဝန်းကျင်လည်း အင်မတန်မှ ပျက်စီးပါတယ်။ အကယ်၍ ၂၄ နာရီမီးရရှိမယ်ဆိုရင်ဖြင့် ဒေသခံမဲဆန္ဒရှင်ပြည်သူများ အင်မတန်မျှော်လင့်နေတဲ့လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ မဘိမ်းမြို့ရဲ့ပြည်သူတွေရဲ့လိုအပ်ချက်ကတော့ဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့၊ လျှပ်စစ်မီးရရှိဖို့ဆိုတာ သူတို့ရဲ့အဓိကမျှော်လင့်ချက်ပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် မဘိမ်းမြို့ ၂၄ နာရီလျှပ်စစ်မီးရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်ကဲ့သို့ကူညီဆောင်ရွက်ပေးပါမလဲ။ မည်သည့်အချိန်ကာလမှာ ရရှိနိုင်ပါမလဲဆိုတာ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ မဘိမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရှိန် မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသကဲ့သို့ပဲ မဘိမ်းမြို့ပေါ်မှာ လေးရပ်ကွက်မှာရှိတဲ့ မီးသုံးသူတွေကို လက်ရှိအနေအထားမှာ ဒီဇယ်မီးစက်နဲ့ တစ်နေ့ကို သုံးနာရီနှုန်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်တဲ့အနေအထားပဲ ရှိပါသေးတယ်။ မြို့ပေါ် လေးရပ်ကွက်ကို ဓာတ်အားတွေ နောင်ကို ၂၄ နာရီ ပေးနိုင်ဖို့ဆိုပြီး ဒါကို ရည်မှန်းပြီးတော့ ယခင်က တည်ဆောက်ထားတဲ့ သစ်သားဓာတ်တိုင်၊ သစ်သားလက်တန်းနှင့် ACSR ကြိုးတွေနဲ့ တည်ဆောက်ထားတဲ့ ဓာတ်အားလိုင်းတွေကိုတော့ ကွန်ကရစ်တိုင်တွေ၊ သံလက်တန်းတွေ၊ AAC ကြိုးတွေ၊ SAC ကြိုးတွေ စသည့်အားဖြင့် အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းတွေကိုတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကတည်းကနေစပြီး ကြိုတင်ပြီးတည်ဆောက်အစားထိုးလျက်ရှိပါတယ်။

လက်ရှိလွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မဘိမ်းမြို့ကို ၂၄ နာရီ ဓာတ်အားပေးနိုင်ရန်ဆိုတဲ့နေရာမှာ မဘိမ်းမြို့နားမှာ ဖြတ်သန်းသွားတယ်ဆိုတဲ့ ရွှေလီဓာတ်အားပေးစက်ရုံကနေ တကောင်းနီကယ်လ်စက်ရုံကို တည်ဆောက်ထားတဲ့ ဓာတ်အားလိုင်းဟာ အလွန်နီးကပ်နေတယ်ဆိုသော်လည်းပဲ အဆိုပါဓာတ်အားလိုင်းဟာ ကျွန်တော်တို့ဝန်ကြီးဌာနကနေ တည်ဆောက်ထားတဲ့ဓာတ်အားလိုင်း မဟုတ်ဘဲနဲ့ ၎င်းနီကယ်လ်စက်ရုံရဲ့လျှပ်စစ်အသုံးအတွက်ကို နီကယ်လ်စက်ရုံက သူရဲ့ရင်းနှီးမှုနှင့် တည်ဆောက်ထားတဲ့ ဓာတ်အားလိုင်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဆွဲယူသုံးစွဲလို့လည်း မရပါဘူး။ နောက်တစ်ချက်ကတော့ အဆိုပါဓာတ်အားလိုင်းရဲ့ Voltage Level ဟာ ၂၂၀ ကေဗွီ ဓာတ်အားလိုင်းကြီး ဖြစ်ပါတယ်။ ကျေးရွာတွေကို ဓာတ်အားဖြန့်ဖြူးတဲ့ 11 KV ဓာတ်အားလိုင်းမျိုး

မဟုတ်တဲ့အတွက်ကြောင့် ဒီလိုနည်းပညာအရလည်း အသုံးပြု၍မရနိုင်တာ ဖြစ်ပါတယ်။ နောက် ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းဟာ လက်ရှိကာလမှာ တည်ဆောက်ဆဲအဆင့်ပဲဖြစ်တဲ့အတွက် ကြောင့် လျှပ်စစ်ဓာတ်အားလည်း ထုတ်လုပ်နိုင်ခြင်းမရှိတဲ့အတွက်ကြောင့် ရွှေလီ(၃)စက်ရုံစီမံကိန်း ကနေ နီးစပ်ရာဒေသကို ဓာတ်အားပေးနိုင်တဲ့အခြေအနေလေးလည်း မရှိနေသေးတာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးရဲ့မဘိမ်းမြို့တည်ရှိနေတဲ့ မိုးမိတ်ကိုပင်လျှင် ပြီးခဲ့တဲ့ နွေရာသီကာလကျမှ ၂၄ နာရီစတင်ပြီး ဓာတ်အားပေးနိုင်တာကိုလည်း ကိုယ်စားလှယ်ကြီးသိရှိမှာ ဖြစ်ပါတယ်။ ဒီအတွက် လက်ပံလှမှ ဇရက်ကွင်း၊ ဇရက်ကွင်းကနေ မိုးကုတ်၊ မိုးကုတ်မှသည် မိုးမိတ် ဒီလိုဓာတ်အားလိုင်း တွေကို နှစ်ကာလသုံးနှစ်၊ လေးနှစ်အချိန်ယူပြီး တည်ဆောက်ပြီးမှ ဓာတ်အားပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီအတွက် မဘိမ်းမြို့ကို ၂၄ နာရီ ဓာတ်အားပေးဖို့အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ မိုးမိတ်မြို့ကနေပြီးတော့ မဘိမ်းမြို့ ကို ၆၆ ကေဗွီဓာတ်အားလိုင်း ၂၈ မိုင်အကွာအဝေးတည်ဆောက် ပါမယ်။ မဘိမ်းမြို့မှာ 66/11 5MVA ဓာတ်အားခွဲရုံတစ်ရုံကို တည်ဆောက်ပါမယ်။ အဆိုပါလုပ်ငန်း များအတွက် ကုန်ကျစရိတ်က ကျပ်သန်းပေါင်း ၅၆၄၄ ခန့် ကုန်ကျမှာဖြစ်ပြီး ကုန်ကျစရိတ်များကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာ စတင်ပြီးလျာထားတောင်းခံပြီးတော့ ရန်ပုံငွေခွဲဝေရရှိပါက စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်ဆိုတဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံအတွင်း Digital Meter များကို မည်ကဲ့သို့အစီအစဉ်ချ၍ တပ်ဆင်ရန်ဆောင်ရွက် နေသည်နှင့် ကျောက်တံတားမြို့နယ်အတွင်း မည်သည့်အချိန်တွင် တပ်ဆင်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များကို အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာမေတ္တာရပ်ခံ အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ Analog Meter ပါ။ တံဆိပ်ကတော့ ကျွန်တော် အင်တာနက်ထဲကရှာဖွေထားတဲ့အတွက် ကွဲပြားမှုရှိမှာပါ။ Analog Meter ကို များသောအားဖြင့် အသုံးပြုနေပါတယ်။ ဒါကတော့ Digital AMR Meter ပါ။ ဒါကတော့ Digital OMR Meter ပါခင်ဗျား။ ကျွန်တော်တို့ဒီမှာ Analog Meter နဲ့ Digital Meter တို့ရဲ့ ကွာခြားချက်တွေ၊ ဘာတွေပိုကောင်းတယ်ဆိုတဲ့အထဲက အချို့တစ်ဝက်ကို တင်ပြပါမယ်။ Analog Meter ကတော့ မီတာတစ်လတစ်ခါယူနစ်ဘယ်လောက် လူတွေသုံးလဲအခါကြရင် ကျွန်တော်တို့ လူကိုယ်တိုင်အိမ်မှာသွားပြီးမှ မီတာဘယ်လောက်တက်နေတာလဲဆိုတာကို သွားရောက်ဖတ်ရပါတယ်။ Digital Meter မှာနှစ်မျိုးရှိပါတယ်။ OMR ရယ်၊ AMR ရယ်။ OMR ကတော့ လူကိုယ်တိုင် အဲဒီမီတာ အနီးမှာသွားပြီးတော့ HHU(Hand-Hand Unit)နဲ့ဖတ်ရှုရပါတယ်။ AMR ကတော့ တချို့ကိစ္စတွေမှာ OMR ကကောင်းတာရှိသလို AMR ကကြတော့လည်း ကောင်းတာတွေရှိပါတယ်။ AMR နဲ့ဆိုရင်တော့

ကျွန်တော်တို့က မီတာကိုသွားဖတ်စရာမလိုဘဲနဲ့ Control Centre က ကီလိုဝပ်ကို ဘယ်လိုသုံးတယ်၊ Voltage, Ampr, Watt, Power Factors စသည့်ယူနစ်များကို အချိန်နှင့်တစ်ပြေးညီ ဖတ်လို့ရပါတယ်။

ဒါကတော့ Analog Meter ၊ လူကမျက်မြင်ရှုပြီးဖတ်ရတဲ့အတွက် လူမနေတဲ့အိမ်များ၊ ပိတ်ထားတဲ့အိမ်များ၊ နောက်ပြီး မီတာပျက်နေတာဖြစ်ဖြစ်၊ မီတာနှေးနေတာဖြစ်ဖြစ် ဆိုပြီးမှ ပြဿနာတွေရှိပါတယ်။ အဲဒီတော့ ယူနစ်များရေးသွင်းရာမှာလည်း တချို့ကျွန်တော်တို့ပြည်သူတွေက တိုင်ကြားတာရှိပါတယ်။ ယူနစ်တွေပိုနေတာ၊ လိုနေတာ၊ ပိုဖတ်သွားတာတွေ၊ လိုဖတ်သွားတာတွေ စတာတွေ လူကြောင့်မှားယွင်းမှုတွေရှိနိုင်ပါတယ်။ AMR ကတော့ Control Centre ကနေ Programmer ကနေ ကြည့်ရှုပြီးတော့ ဘယ်လောက်ဆိုတာ ကျွန်တော်တို့သိရှိနိုင်ပါတယ်။ ကျွန်တော်တို့ ဒီမီတာမှာ ဖတ်တဲ့အခါကြရင် မီတာကိုတစ်နေချင်း၊ တစ်လုံးချင်း လိုက်ဖတ်နေရတဲ့အတွက် Analog Meter မှာ အချိန်ကုန်ပါတယ်။

Digital Meter နဲ့ဆိုရင်တော့ ကျွန်တော်တို့ ဒီ Control Room နေရာကနေ ဖတ်လိုက်တဲ့အတွက် အချိန်လည်းမကုန်ပါဘူး။ နောက်ပြီးတိတိကျကျလည်းသိရှိရပါတယ်။ ဓာတ်အားခိုးယူသုံးစွဲတယ်ပေါ့နော်။ Analog Meter တွေမှာဆိုရင် ကျွန်တော်တို့ မီတာကြာရင် လည်ပတ်တဲ့နှုန်းက နည်းနည်းနှေးသွားတယ်။ နောက်ပြီးတော့ ကျွန်တော်တို့မီတာကို ဓာတ်အားခိုးယူပြီးသုံးစွဲတော့ သိရှိနိုင်ဖို့အတွက် ခက်ခဲပါတယ်။ ကျွန်တော်တို့ Digital Meter တွေမှာ OMR တို့ AMR တို့ကြရင်တော့ Record တွေရှိတယ်။ Data တွေရှိတယ်။ Computer Written တွေဖြစ်တဲ့အတွက်ကြောင့် ဘယ်နေရာကတော့ မီတာတွေခိုးသုံးနေပြီ။ နောက်ပြီးတော့ လျှပ်စစ်ဝန်ထမ်းတွေလည်း မသမာမှုတွေ မီတာဖတ်စာရေးတွေလည်း လုပ်လို့မရတော့ပါဘူး။ အဲဒီအတွက် နိုင်ငံတော်ဝင်ငွေကိုလည်း မီတာပျောက်ဆုံးမှုတွေလျော့မယ်။ လူကြောင့်၊ ပရောဂကြောင့်ဖြစ်တဲ့ဟာတွေလည်း ကျွန်တော်တို့ Digital Meter ဆိုရင် လုပ်လို့မရပါဘူးခင်ဗျား။ ဒါကတော့ ယူနစ်အပြည့်အဝပေါ့နော်။ Analog Meter ဆိုရင် ဗို့အားကျဆင်းသောနေရာများတွင် မီတာမလည်တာတွေ၊ ယူနစ်အပြည့်အဝမရရှိတာတွေ ရှိပါတယ်။ Digital Meter ဆိုရင်တော့ ဗို့အားကျဆင်းသော မီတာများတွင် Digital Meter မှာ ဗို့အားကိုဘယ်လောက်ရှိတယ်။ နောက်ပြီး ဘယ်လောက်လျှပ်စစ်ထုတ်ပေးနေတယ်ဆိုတာကို သိရှိနိုင်ပါတယ်။

ဒါကတော့ အရေးကြီးဆုံးအချက်ပါ။ ကျွန်တော်တို့ ပြည်သူလူထုဟာ Analog Meter ဆိုရင် ဘယ်လောက်ယူနစ်တက်လို့တက်နေမှန်း၊ ဘယ်လောက်သုံးလို့သုံးနေမှန်း မသိနိုင်ပါဘူး။ Digital Meter တွေဆိုရင် မိုဘိုင်းဖုန်းတွေအစ ဘယ်လောက်တက်တယ်ဆိုတာလည်း သိရပါတယ်။ ဘယ်လောက်သုံးတယ်ဆိုတာလည်းသိရပါတယ်။ ပြီးတော့ ဘေလ်ဆောင်တာမှာလည်း မိုဘိုင်းဖုန်းကနေတစ်ဆင့်ဆောင်နိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် လူတွေကသွားရောက်ပြီးတော့ ဆောင်စရာမလိုတော့ပါဘူး။ ပိုက်ဆံပေးတဲ့ System တွေအစ ဖုန်းကတ်တွေဖြည့်သလို ဖြစ်နိုင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်သိချင်တာကတော့ ဒီမြန်မာနိုင်ငံအတွင်းမှာ ပြည်သူလူထုသည် လျှပ်စစ်သုံးစွဲမှုအဆင်ပြေရန်နှင့် ဓာတ်အားပြတ်တောက်စေရန်အတွက် Digital များကို မည်ကဲ့သို့

ပြင်ဆင်နေပါသလဲ။ Plan ချပြီး အစိုးရဝန်ကြီးဌာနနှင့်လဲလှယ်တပ်ဆင်နေပါသလဲ။ နောက်ပြီး ကျွန်တော်တို့ရဲ့မြို့လယ်ခေါင်ဖြစ်သော ကျောက်တံတားမြို့နယ်ကို Digital Meter တပ်ပေးရန် အစီအစဉ်ရှိပါသလား။ မည်သည့်အချိန်မှာ တပ်ပေးမယ်ဆိုတာကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူများကိုယ်စားမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်ကဆက်လက်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးမှာ လျှပ်စစ်ဓာတ်အားကို စတင်သုံးစွဲခဲ့တဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်ကစပြီး စတင်သုံးစွဲတာဖြစ်တဲ့အတွက်ကြောင့် ထိုခေတ်ထိုကာလမှာ အဲဒီခေတ်ရဲ့ နည်းပညာအရ တည်ထွင်ထုတ်လုပ်ထားခဲ့ကြတဲ့ Analog Meter ကို နိုင်ငံတိုင်းအားလုံးက သုံးစွဲခဲ့ကြတာဖြစ်ပါတယ်။ Analog Meter ဟာ သံလိုက်စက်ကွင်းကို ဖြစ်ပေါ်စေပြီးတော့မှ မီတာမှာ ကိုယ်စားလှယ်ကြီးတင်ပြသွားသကဲ့သို့ Disc လို့ခေါ်တဲ့အဝိုင်းလေးရဲ့ လည်ပတ်မှု၊ လျှပ်စစ်ဓာတ်အား သုံးစွဲတဲ့ပမာဏများလေ အဝိုင်းလေးရဲ့လည်ပတ်မှုနှုန်းမြန်လေ ယူနစ်တက်တဲ့အား များများတက်လေ ဆိုတဲ့မှတ်သားနည်းနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဆိုပါ Analog Meter များဟာ စတင်ဆောင်ရွက်တဲ့ခေတ်ကာလရဲ့ နည်းပညာအရ သုံးစွဲတဲ့ယူနစ်ကိုသာမှတ်သားပြီး ထိုသုံးစွဲတဲ့ယူနစ်ကိုလည်း မီတာဖတ်စာရေးက အိမ်တိုင်ရာရောက်သွားရောက်ဖတ်ယူရပါတယ်။ လျှပ်စစ်ဓာတ်အား သုံးစွဲကြတဲ့အခါမှာ သုံးစွဲသူများဟာ မိမိသုံးစွဲတဲ့ယူနစ်အလျောက် ကျသင့်တဲ့တန်ရာတန်ကြေးကို ပေးဆောင်လိုတဲ့ဆန္ဒနည်းပါးတဲ့အခါ ထိုမီတာများကို မသမာမှုပြုလုပ်ပြီးတော့ မီတာအတက်နှေးအောင်၊ မီတာရပ်သွားအောင် နည်းမျိုးစုံနဲ့ကြံဆဖန်တီးကြပါတယ်။ ဒီအတွက် မိမိတို့ဌာနက ကောက်ခံရရှိတဲ့ ငွေပမာဏလျော့နည်းပျောက်ဆုံးမှု ဖြစ်ပေါ်တာဖြစ်ပါတယ်။ ဒီလိုမျိုးဖြစ်ပေါ်မှုတွေဟာ ဝင်ငွေနည်းပါးခြင်းတစ်မျိုးဖြစ်သလို Analog Meter များကို နှစ်ရှည်ကာလကြာ သုံးစွဲလာပြီးတဲ့နောက်မှာ ခေတ်ကာလရဲ့နည်းပညာတိုးတက်မှုအရ Digital Meter တွေပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။

အဆိုပါ Digital Meter များကို ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၂၀၁၂ ခုနှစ်ကနေစတင်ပြီး လဲလှယ်တပ်ဆင်အသုံးပြုလာတာဆိုလျှင် လက်ရှိအချိန်ထိ Digital Meter လုံးရေပေါင်း ၁၂ သန်းကျော် တစ်နိုင်ငံလုံးမှာ တပ်ဆင်အသုံးပြုထားပြီးဖြစ်ပါတယ်။ မူလအသုံးပြုနေတဲ့ Analog Meter တွေရှိနေပါသေးတယ်။ အဆိုပါ Analog Meter များကိုပါ Digital Meter များအဖြစ် တစ်ပြိုင်နက်လဲလှယ်ရမယ်ဆိုလျှင် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေမြောက်များစွာ ကုန်ကျမယ့်အနေအထားကို ချင့်ချိန်ရတာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မူလမေးခွန်းထဲမှာကတော့ Digital Meter ပဲပါဝင်ပြီးတော့ ဆွေးနွေးတဲ့အချိန်မှာတော့ OMR Meter၊ AMI Meter တွေထည့်သွင်းဆွေးနွေး

သွားတာဖြစ်ပါတယ်။ Digital Meter များမှာ OMR Meter၊ AMI Meter များအပြင် တခြားသော မီတာစနစ်ပေါင်း၊ မျိုးကွဲပေါင်း နောက်ထပ်ငါးမျိုးခန့်ရှိပါသေးတယ်။ မီတာတွေရဲ့နည်းပညာတွေဟာ တစ်နေ့တစ်နေ့တိုးတက်တီထွင်လာနေသည်ဆိုသည့်တိုင်အောင် ကမ္ဘာ့နိုင်ငံတိုင်းအားလုံး အဆိုပါ နည်းပညာအသစ်တွေပေါ်ထွက်လာတိုင်း အသုံးပြုခြင်းတော့ မရှိသေးပါဘူး။ AMI တွေရဲ့ ကောင်းကျိုးဆိုတာတွေရှိသလို၊ ဆိုးကျိုးဆိုတာတွေလည်းရှိပါတယ်။ နည်းပညာအသစ်တွေပေါ်ထွန်းလာတဲ့အခါမှာ ကောင်းကျိုးကိုချည်းပဲကြည့်လို့မရဘဲ ဆိုးကျိုးနဲ့ Consequences တွေကို ကျွန်တော်တို့ သိရှိဖို့လိုအပ်ပါတယ်။ Meter တွေကို ဖုန်းပေါ်ကနေပြီး ကြည့်နိုင်ပြီးတော့ အဲဒီပေါ်ကပဲ ငွေပေးဆောင်နိုင်တယ်ဆိုတာတွေလည်း ဒါကနည်းပညာအရ ဖြစ်နိုင်ပါတယ်။

သို့သော်လည်း နည်းပညာတွေရဲ့နောက်ဆက်တွဲမှာ တခြားသောအားနည်းချက်တွေ ရှိပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ သိပ်မကြာသေးခင်သော ကာလမှာကိုက သတင်းတွေထဲမှာပါနေနိုင်တဲ့ Wave Money ကငွေလွှဲတဲ့အခါမှာ ဖြစ်ပေါ်သွားတဲ့ ဆုံးရှုံးနစ်နာမှုတွေဆိုတာတွေလည်း ကြားသိနေရမှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ဖြစ်စဉ်များဖြစ်လာလို့ရှိရင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေတွေ မြောက်မြားစွာဆုံးရှုံး သွားနိုင်မှာဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့က မီတာကို ဖတ်နိုင်ရုံ၊ ငွေကိုကောက်ခံနိုင်ရုံ လေးတင်စဉ်းစားလို့မရဘဲနဲ့ ဒီငွေတွေကိုပေးသွင်းပြီးတဲ့ အထောက်အထား၊ မှတ်တမ်းမှတ်ရာ၊ စာရင်းအင်းတွေပြုစုရမှာဖြစ်ပါတယ်။ ဒါတွေအတွက်လည်း စဉ်းစားရပါမယ်။ ကမ္ဘာ့နိုင်ငံအသီးသီးကို လေ့လာလိုက်လို့ရှိရင် မိမိတို့နိုင်ငံထက်မြောက်များစွာ ဖွံ့ဖြိုးတိုးတက်နေတဲ့ ဂျပန်နိုင်ငံလိုနိုင်ငံမှာတောင်မှ ဂျပန်နိုင်ငံကလျှပ်စစ်အဖွဲ့တွေနဲ့ ကျွန်တော်တို့ ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါမှာ ၎င်းတို့နိုင်ငံမှာ လက်ရှိထိ Analog Meter တွေ ဆက်လက် အသုံးပြုနေဆဲဖြစ်ပြီး Digital Meter များလည်းအသုံးပြုပါတယ်။ သို့သော် Digital Meter တွေသုံးပြီး သူတို့နိုင်ငံမှာ Data Transmittion System တွေ အင်မတန်ပြီးပြည့်စုံကောင်းမွန်နေသည့်တိုင်အောင် မီတာဖတ်စာရေးကို အိမ်တိုင်ရာရောက်သွားရောက်ဖတ်စေတဲ့စနစ်ကို ကျင့်သုံးရပါတယ်။ အဓိကအကြောင်းအရင်းက အဲဒီအိမ်တွေမှာ မီတာကိုမည်ကဲ့သို့ မသမာမှုပြုထားနေသေးသလဲ။ ဒီမီတာကို မျက်မြင်ကိုယ်တွေ့စစ်ဆေးဖို့ လိုအပ်တဲ့အတွက်ဖြစ်ပါတယ်။

ဒါကြောင့် AMR Meter တွေသုံးလို့၊ OMR Meter တွေသုံးလို့ ဒီနေရာတွေကို လူသွားစရာမလိုတော့ဘူးဆိုသည့်တိုင်အောင် ကျွန်တော်တို့ လူသွားရန်ဝတ္တရားရှိပါတယ်။ ဒီအတွက်ကြောင့် နည်းပညာအဆင့်မြင့်တာကို တက်လိုက်လို့ ကုန်ကျစရိတ်တွေတိုးမြင့်သွားပြီး ဒီနေရာကိုလူသွားရန် မလိုဘဲ စရိတ်သက်သာသွားမယ်လို့ ထင်ရပေမဲ့ သွားကိုသွားရဖို့ လိုအပ်နေတာပဲဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့တစ်နိုင်ငံလုံးမှာ သင့်တော်တဲ့စနစ်တွေ ဘယ်လိုဆောင်ရွက်ရမလဲ ဆိုတာနဲ့ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးရော၊ ကျွန်တော်တို့ရော တိုင်းဒေသကြီး/ ပြည်နယ်အနှံ့တွေ သွားရောက်ပါတယ်။ ပိတ်ရက်တွေဆိုတိုင်း သွားပါတယ်။ ဒီအခါမှာ ကျွန်တော်တို့က တစ်နိုင်ငံလုံးမှာ ရှိတဲ့ပြည်သူ လျှပ်စစ်ဓာတ်အားတိုးတက် သုံးစွဲလာနိုင်ရေးအတွက်ကို ကျွန်တော်တို့ ပြည်နယ်အစိုးရတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံ ဆွေးနွေးတဲ့အခါမှာ ၎င်းတို့အနေနဲ့ ၎င်းတို့ကျေးရွာတွေကို လျှပ်စစ်မီး ရောက်ရှိလာသည့်တိုင်အောင် တချို့ကျေးရွာတွေကအိမ်တွေက မီးမသုံးနိုင်သေးတဲ့ဘဝတွေကို ဆွေးနွေးကြပါတယ်။ အဓိကအချက်

ကတော့ Meter Box ဖိုးပေးသွင်းရတဲ့တန်ကြေးကို သူတို့မသွင်းနိုင်ဘူး။ သိပ်ဈေးကြီးမြင့်တယ်ဆိုတာကိုဖြစ်ပါတယ်။ ဒီအခြေအနေတွေ အားလုံးကို နိုင်ငံ့အကြီးအကဲတွေရဲ့ ခရီးစဉ်တွေမှာ ကျွန်တော်တို့အတူတကွသွားတဲ့အတွက်ကြောင့် အကြီးအကဲတွေပါသိရှိလာခဲ့ပါတယ်။

ဒီအတွက်ကြောင့် အကြီးအကဲတွေကနေပြီးတော့ Digital Meter စနစ်ကိုပဲ 4 Meter System နဲ့ ဆောင်ရွက်ရန်ဆိုပြီးတော့ မူဝါဒချမှတ်ပေးခဲ့တာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ဓာတ်အားယူနစ်နည်းနည်းပဲသုံးမယ့်ကျေးရွာတွေမှာ မီးသုံးတဲ့ပြည်သူတွေအနေနဲ့ ဈေးသက်သက်သာသာနဲ့သုံးလို့ရမယ့် 5(30) Ampr Digital Meter စနစ်ကိုဆောင်ရွက်ဖို့ မြို့ငယ်တွေမှာ မီးသုံးတဲ့ပြည်သူတွေအတွက် ဈေးနှုန်းသင့်တင့်သက်သာတဲ့ Radio အဝေးထိန်းစနစ်နဲ့ဖတ်ရှုနိုင်မယ့် 5(30) Ampr Digital Meter ဆောင်ရွက်ဖို့၊ နောက်တစ်ခါမြို့ကြီးမှာရှိတဲ့လူတွေကကျတော့ ယခင်ကထက်မီးတွေသုံးလာတဲ့အတွက်ကြောင့် ယခင်ကထက်ပိုပြီး ဝန်အားကိုအသုံးပြုနိုင်တဲ့ (10)(60)Ampr ရေဒီယိုအဝေးထိန်းစနစ်နဲ့ဆောင်ရွက်တဲ့ Digital Meter စက်မှုနဲ့ စီးပွားရေးလုပ်ငန်းမှာလည်း Power Meter တွေသုံးတဲ့သူတွေအတွက်ကိုလည်း (10)(80) Digital Ampr Meter များနဲ့ဆောင်ရွက်ဖို့ မူဝါဒချပေးခဲ့တဲ့အတွက်ကြောင့် အဆိုပါစနစ်အတိုင်း ဝန်ကြီးဌာနကနေပြီးတော့ Digital Meter များ၊ စနစ်များကိုဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျောက်တံခါးမြို့နယ်ဟာ Analog Meter တပ်ဆင်ထားမှုဟာ ၁၃၀၀၀ ကျော် ကျန်ရှိနေပါတယ်။ အဆိုပါကျန်ရှိနေတဲ့ Digital Meter များကိုလည်း ကျွန်တော်တို့ နှစ်အလိုက် Digital Meter များနဲ့ အစားထိုးလဲလှယ်တပ်ဆင်ပေးသွားမည်ဖြစ် ပါတယ်ဆိုတဲ့အကြောင်း လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ Power Point ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ဥက္ကဋ္ဌကြီးကျွန်တော်တို့ ရန်ကုန်မြို့လယ်ခေါင်လို့ပြောရတဲ့ ကျောက်တံတားမြို့နယ်အတွင်းရှိ မီတာပုံးတွေအခြေအနေဖြစ်ပါတယ်။ ဒါ ဝန်ကြီး၊ ဒုတိယဝန်ကြီး သိရှိနိုင်ရန် ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမီတာပုံးတွေဆိုရင် ဒုတိယဝန်ကြီးကတော့ပြောပါတယ်။ ဒါခေတ်နှင့်အညီ Analog တွေမသုံးရဘူးဆိုတာ ကျွန်တော် Digital တွေက ဒါပေမဲ့ နိုင်ငံတကာမှာ သုံးနေပါတယ်။ ကျွန်တော်တို့လည်း ဒီနည်းပညာကြောင့် ကောင်းခြင်း၊ ဆိုးခြင်းတွေကို ကျွန်တော်တို့နားလည်ပါတယ်။ ဒါပေမဲ့လည်း နိုင်ငံတကာသုံးနေတဲ့အတွက် ကျွန်တော်တို့ မြို့လယ်ခေါင်မှာ ဒီလိုဖြစ်နေတာ ရော ဒုတိယဝန်ကြီး သိရှိပါသလား။ ကျွန်တော်တို့ ဒီ Power Point ပိတ်ပေးပါ။ ကျွန်တော်တို့မြို့ထဲမှာဆိုရင် ဒီမီတာတွေကွာဟမှုတွေ ပြည်သူလူထုဟာ ဒါမီတာပုံး တွေဆိုရင်လည်းမြင်ပါပြီ။ ရိုက်ချိုးစုတ်ပြတ်ပြီးလည်ကောလည်သေးရဲ့လားမသိတော့ပါဘူး။ ကျွန်တော်တို့မြို့နယ်မှာ ဒီမီတာဖတ်စာရေးတွေမှာ မီတာပိုကောက်လို့ဆို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက ရှင်းနေရပါတယ်။ အဲဒီတော့ ဒီဝန်ကြီးပြောတဲ့အတိုင်း ကျွန်တော်တို့မြို့နယ်ကို တပ်ပေးမယ်ဆိုတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ Pilot Project အနေနဲ့နားလည်ပါတယ်။ ဒီနိုင်ငံတော်ရဲ့ဘတ်ဂျက်အခြေအနေဒါပေမဲ့လည်း ကျွန်တော်တို့ မြို့တိုင်း၊ မြို့နယ်မှာ မီးမရသေးတဲ့နေရာတွေ မီးရအောင်လုပ်နေသလိုဘဲ မီးရပြီးတဲ့နေရာတွေလည်း ဓာတ်လိုက်ပြီးတော့ မသေဆုံးဘဲနဲ့ ဒီလိုမျိုးမဖြစ်အောင် Maintenance

နဲ့ဆက်လက်ပြီးတော့ ဒီအစိုးရအနေနဲ့ Continuous ဆက်လုပ်ဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ Pilot Project လေးတွေကို ကျွန်တော်တို့ ကိုးရပ်ကွက်ရှိပါတယ်။ တစ်ရပ်ကွက်လောက်ကို Pilot Project ကို ဘယ်အချိန်စလုပ်ပေးမလဲ ကျွန်တော်သိချင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ မြို့နယ်တွေမှာ ဒီ YESC က Investment Plan တွေရေးဆွဲပါတယ်။ Investment Plan တွေ ရေးဆွဲတဲ့အခါကျတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ဒီလွှတ်တော်ကိုယ်စားလှယ်တွေပေါ့နော်။ ပြည်သူ့လွှတ်တော် မဟုတ်ပါဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူတွေရဲ့လိုအပ်ချက်ကို အသိဆုံးပါ။ ပြည်သူတွေကဘာဖြစ်နေတယ်။ သူတို့ Plan ရေးဆွဲတာတွေနဲ့ တချို့ဟာတွေကကွာဟ နေပါတယ်။

ဒါကြောင့် ဘယ်နှစ်မှာ ဒီလိုမြို့နယ်အတွက် ဘာလုပ်မယ်။ ဘာပစ္စည်းဝယ်မယ်။ ဘယ်လိုရင်းနှီး မြှုပ်နှံမယ်။ ဘယ်လိုလုပ်မလည်းဆိုတဲ့ဟာကိုကော ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ဒါမှပြည်သူတွေအတွက် ထိရောက်မှာပါ။ ဝန်ကြီးဌာနက ဘတ်ဂျက် တွေသုံးပြီးတော့ တချို့ဟာတွေက ပြည်သူတွေနဲ့မထိရောက်ပါဘူး။ ဒါကြောင့်မို့လို့ ဆက်စပ်မေးခွန်း အနေနဲ့ ဝန်ကြီးအနေနဲ့ Pilot Project ကို ကျွန်တော်တို့ကို ဘယ်အချိန်လောက်မှာ စလုပ်ပေးနိုင်မလဲ။ ဒီ Investment တွေ Plan တွေရေးဆွဲတဲ့အခါမှာလည်း ကျွန်တော်တို့ ကိုယ်စားလှယ်တွေနဲ့ပူးပေါင်း ဆောင်ရွက်ပြီးလုပ်ပေးနိုင်မလားဆိုတာကို သိရှိလိုပါသဖြင့် ကျွန်တော် ဆက်စပ်မေးခွန်းမေးအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းမှာပါသွားတဲ့ အချို့သောအချက်တွေကတော့ မူလမေးခွန်းနဲ့ တော့ပတ်သက်ခြင်းမရှိပါဘူး။ သို့သော်လည်း ကျွန်တော်ရှင်းလင်းပါမယ်။ လွှတ်တော်ကိုယ်စားလှယ် ကြီး တင်ပြမေးမြန်းသွားတဲ့ မီတာပုံးတွေဖရိုဖရဲဖြစ်နေတယ်ဆိုတာ ဒုတိယဝန်ကြီးသိပါသလားလို့ ပြောရင် ပွင့်ပွင့်လင်းလင်းပဲဖြေပါမယ် မသိပါဘူးခင်ဗျား။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီ ကျောက်တံတားမြို့နယ်မှာ ကျွန်တော့်အနေနဲ့ ကျောက်တံတားမြို့နယ်အပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ အိမ်တိုင်း၊ လမ်းတိုင်း၊ မြို့နယ်တိုင်းကိုတော့ ရောက်နိုင်ဖို့ရာ ဖြစ်နိုင်စွမ်းမရှိလို့ဖြစ်ပါတယ်။ သို့သော် ရောက်ခဲ့တဲ့မြို့/ရွာနယ်ပေါင်း များစွာရှိပြီး အဲဒီရောက်ဖြစ်တဲ့နေရာတွေမှာတော့ ဒီလိုမျိုး အိမ်တွေအထိ ကျွန်တော် သွားခဲ့တာဖြစ်ပါတယ်။ သို့သော် ကျောက်တံတားကတော့ ကျွန်တော် မရောက်သေးတာ အမှန်ပါပဲ။ နောက်တစ်ခုကတော့ ဒီမီတာပုံးများနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်ပတ်သက်ပြီး နည်းနည်း လေးရှင်းလင်းတင်ပြလိုပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနဟာ လျှပ်စစ်ဓာတ်အားပေးခြင်း ဖြန့်ဖြူးခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ရသည်ဆိုသော်ငြားလည်း လမ်းပေါ်မှာရှိတဲ့ ဓာတ်တိုင်မှ အိမ်အထိရောက်လာတဲ့ မီးကြိုးအထိ ဝန်ကြီးဌာနမှာတာဝန်ရှိပါတယ်။ မီတာပုံးကနေ အိမ်ထဲကိုသွား တဲ့ဝါယာကြိုးတွေဟာ ဝန်ကြီးဌာနရဲ့လုပ်ငန်းတာဝန်တွေမဟုတ်ပါဘူး။ အဲဒီလုပ်ငန်းတွေကိုလည်း ဝန်ကြီးဌာနဝန်ထမ်းတွေက ဆောင်ရွက်ခွင့်မရှိပါဘူး။ ဒါဥပဒေအရ ကန့်သတ်ထားပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဆောင်ရွက်မှုတွေအားလုံးကို စက်မှုဝန်ကြီးဌာနက လက်မှတ်ထုတ်ပေးထားတဲ့ လျှပ်စစ် ကျွမ်းကျင်လက်မှတ်ရလုပ်သားများက ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီ့အတွက် မီတာ Box တွေ

ဒီလိုဖြစ်နေတယ်ဆိုတာကို ကျွန်တော်သိရှိသွားတဲ့အတွက်ကြောင့်လည်း ကျွန်တော် တာဝန်ရှိတဲ့ YESC ကိုလည်း ညွှန်ကြားပါမယ်။ ဒါက သက်ဆိုင်ရာအိမ်ရှင်များရဲ့ တာဝန်လည်းရှိတာဖြစ်ပါတယ်။ သို့သော် ကျွန်တော် စက်မှုဝန်ကြီးဌာနကော၊ YESC ကောကို ကျွန်တော်ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးပါ့မယ်။ ဒါက အိမ်ရဲ့ဝါယာကြိုးကနေပြီးတော့ အိမ်ထဲကိုသွားတဲ့ဝါယာကြိုးဟာ အိမ်ရှင်ရဲ့လုပ်ငန်းတာဝန်တွေဖြစ်နေတဲ့အတွက်ကြောင့် အိမ်ရှင်တွေက ဒီကြိုးတွေကို ပြန်ပြီးရှင်းပေးမှ ရပါမယ်။ ဒါကို ကျွန်တော်တို့ ပြည်သူနဲ့ဆွေးနွေးပြီး ဆောင်ရွက်ပေးပါ့မယ်။ နောက်တစ်ခုကတော့ ဒီ Digital မီတာ လဲလှယ်ပေးဖို့ဆိုတဲ့ကိစ္စဟာ စောစောကကျွန်တော်ရှင်းပြပြီးဖြစ်ပါတယ်။ နိုင်ငံ့အကြီးအကဲကိုယ်တိုင်က ချမှတ်ပေးထားတဲ့မူဝါဒအတိုင်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ပေးပါ့မယ်ဆိုတာကို ရှင်းလင်းပေးပြီးဖြစ်ပါတယ်။ Pilot Project လို့ပြောလာတာဟာ မူလမေးခွန်းနဲ့ အကြုံးမဝင်ပါဘူး။ ရည်ရွယ်ချက်တစ်ခု ပါဝင်နေမယ်ဆိုခဲ့လို့ရှိရင်တော့ အဲဒီဆောင်ရွက်ချင်တဲ့ရည်ရွယ်ချက်ကို ဝန်ကြီးဌာနကို အဆိုပြုတင်ပြပြီးတော့ ဝန်ကြီးဌာနရဲ့အမှုဆောင်ကော်မတီအစည်းအဝေးက စဉ်းစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ တစ်ရွာတစ်ပုဒ်ဆန်းဆောင်ရွက်ရန် မသင့်ပါဘူး။ နောက်ထပ်ပိုပြီး ရှင်းလင်းတင်ပြချင်တာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး အင်တာနက်မှာတက်ပြီးရှာလို့ရပါတယ်။ AMI/AMR လို့ပြောတာ Smart မီတာတွေကို နိုင်ငံတကာမှာ လက်ခံနေတာမဟုတ်ပါဘူး။ လမ်းမပေါ်ထွက်ပြီးတော့ ဆန္ဒပြကန့်ကွက်တဲ့အထိခံရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ မျက်စိအတိုလေးတစ်ခုပဲ ချင့်ချိန်လို့မရပါဘူး။ အများကြီးစဉ်းစားရတာ ဖြစ်ပါတယ်။ မှားသွားတယ်ဆိုတာ ဆောင်ရွက်တာလွဲမှားလို့ မဖြစ်ပါဘူး။ ဒီ့အတွက် ကျွန်တော်တို့အားလုံး အစစအရာရာချင့်ချိန်ဆောင်ရွက်မှာဖြစ်ပြီးတော့ လက်ရှိအနေထားကတော့ နိုင်ငံတော်အကြီးအကဲများ ချမှတ်ပေးထားတဲ့ 4 Meter Digital System နှင့်အတူ တစ်နိုင်ငံလုံးတစ်ပြေးညီကျောက်တံတားမြို့နယ်ကိုလည်း အဆင့်အလိုက် ကျွန်တော်တို့ဆောင်ရွက်ပေးသွားမယ်ဖြစ်ပါတယ်ဆိုတာကို ထပ်မံရှင်းလင်းရင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဦးမြင့်သိန်း၊ ဝက်လက်မဲဆန္ဒနယ်က နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစိစစ် ကြပ်မတ်ကောက်ခံပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးမြင့်သိန်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော်က နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန် အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစိစစ်ကြပ်မတ် ကောက်ခံပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါ တယ်။ ဒီအဆိုကို တင်သွင်းရတဲ့အကြောင်းရင်းကတော့ အခွန်ဥပဒေနှင့် အခွန်ဆိုင်ရာစီမံခန့်ခွဲမှု အားနည်းချက်များကြောင့် နိုင်ငံ့အခွန်ငွေများ အပြည့်အဝမရရှိသည့်အတွက် ကောက်ခံသင့်၊ ကောက်ခံထိုက်သော အခွန်ငွေတွေကို ထိထိရောက်ရောက်ကောက်ခံနိုင်ရေး၊ အခွန်တိမ်းရှောင်မှု၊ အခွန်ငွေထိမ်ချန်မှု၊ တရားမဝင်ကုန်စည်တင်သွင်းမှု၊ ထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုတွေကို ထိထိရောက်ရောက် ကာကွယ်တားဆီးရေးအတွက် တင်သွင်းရခြင်းဖြစ်ပါတယ်။ အခွန်နှုန်းထား နည်းနည်းဖြင့် အခွန်အခြေကိုချဲ့ထွင်ပြီး ရသင့်ရထိုက်သောအခွန် ပြည့်ဝစွာကောက်ခံနိုင်ရန် နိုင်ငံတော်အနေဖြင့် မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သော်လည်း အခွန်တိမ်းရှောင် သူများနှင့် အခွန်ဌာနမှာရှိတဲ့ ဝန်ထမ်းများရဲ့မလျော်မကန်ဆောင်ရွက်နေမှုများကိုလည်း တွေ့ရှိရပါ တယ်။ အခွန်ကြွေးကျန်ခြင်း၊ အခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်း၊ အခွန်တိမ်းရှောင်ခြင်း၊ အခွန်အမှတ် တံဆိပ်ကပ်နှိပ်ရန်ပျက်ကွက်ခြင်းတို့ ရှိနေခြင်းဟာလည်း အခွန်ပေးဆောင်ခြင်း၊ အသိပညာပေး စည်းရုံးဆောင်ရွက်မှု အားနည်းနေခြင်းကြောင့်လားဟု စဉ်းစားစရာဖြစ်ရပါတယ်။ ဝင်ငွေကြေညာလွှာ တင်သွင်းရန် အများပြည်သူတို့သိရှိမှု နည်းပါးပါတယ်။ သို့သော်လည်း တချို့ပုဂ္ဂိုလ်များဟာ သိသိနှင့် နားမလည်ချင်ယောင်ဆောင်နေကြခြင်းဖြင့် အခွန်ပေးဆောင်ရန် ပျက်ကွက်မှုများလည်း ရှိနေပါတယ်။ တချို့ကလည်း တခြားသူတွေမှ မဆောင်သေးတာ ကိုယ်က ဘာလို့ဆောင်ရမှာလဲ စသဖြင့် အခွန် တိမ်းရှောင်ရန် ကြိုးစားသူများပြားနေခြင်းဟာလည်း မည်သည့်အတွက်ကြောင့်ဟု စဉ်းစားစရာ ဖြစ်နေ ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တိုင်းဟာ အခွန်နှင့်မကင်းကြောင်း ကောင်းကောင်းနားလည်ကြပေမဲ့ နိုင်ငံတော်ထံကို အခွန်ပေးဆောင်ဖို့ ပျက်ကွက်နေခြင်းဟာ လုပ်လို့ရလို့ လုပ်နေခြင်းသာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရထံမှ ရနိုင်သမျှ အခွင့်အရေးတွေကို တစ်ခုမကျန်အောင် ရအောင်ကြိုးစားတတ်ကြ ပေမဲ့လည်း အခွန်ကိစ္စရပ်ဘက်မှာတော့ မသိကျိုးကျွန်ပြုထားကြပါတယ်။ ထိုပုဂ္ဂိုလ်များ အခွန်ထမ်း ပျက်ကွက်ခြင်းအတွက် ပညာပေးစည်းရုံးခြင်းမပြုဘဲ ဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားဖို့ လိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မကုန်မီမှာ အခွန်ဆောင် ရန်ပျက်ကွက်နေတဲ့ ကုမ္ပဏီတွေကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူတရားစွဲသွားမည် ဖြစ်ကြောင်း နှိုးဆော်ထားသော်လည်း ယခုအချိန်အထိ အခွန်ပြေကျေအောင် ပေးဆောင်ပြီးကြပြီး ဖြစ်ပါသလား။ မည်သူတို့ ကျန်ရှိ၍ မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားကြောင်း၊ တရားစွဲဆိုထား ကြောင်း စတာတွေကို ပြည်သူတွေဟာ ပွင့်ပွင့်လင်းလင်း မမြင်တွေ့ကြရပါဘူး။ ကျွန်တော့်အနေနဲ့ အခွန်ကိစ္စနှင့်ပတ်သက်ပြီး မိမိမဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ စတိုးဆိုင်တွေ၊ စည်ပင်သာယာဈေး အရောင်းဆိုင်တွေ၊ ခေတ်မီဆန်စက်ကြီးတွေအပေါ်မှာ အခွန်ပေးဆောင်မှုကို လေ့လာကြည့်ရာမှာ လုပ်ငန်းပမာဏအရရော အလုပ်ဖြစ်မှုပါ ကွာခြားနေပေမဲ့ အခွန်ပေးဆောင်မှု သိပ်မကွာခြားတာကို တွေ့ရပါတယ်။ ဥပမာအနေနဲ့ ရောင်းအားအကောင်းဆုံးစားသောက်ဆိုင်ကြီးများ၊ စတိုးဆိုင်ကြီးများရဲ့ နှစ်စဉ်ပေးသွင်းမှုအခွန်ဟာ ရောင်းအားအနည်းဆုံးအလားတူဆိုင်ငယ်များရဲ့ အခွန်ပေးသွင်းမှုနဲ့က

ကျပ်ငွေ ၁၀၀၀၀ ဝန်းကျင်မျှသာ ကွာဟနေလို့ ပဟေဠိပေါင်းများစွာဖြစ်ခဲ့ရပါတယ်။ ဒါ့အပြင် အဆင့်တူ ခေတ်မီဆန်စက်ကြီးများရဲ့အခွန်ပေးဆောင်မှုဟာလည်း တစ်ခုနှင့်တစ်ခု အချိုးမညီမျှတာကို တွေ့ခဲ့ရပြန်ပါတယ်။ ဥပမာ တူညီတဲ့ ဘဏ္ဍာရေးနှစ်တစ်နှစ်၊ တစ်လတည်းမှာပဲ လျှပ်စစ်ဓာတ်အားကို ၄၉၆၄၅ ယူနစ် အသုံးပြုထားတဲ့ဆန်စက်ဟာ တစ်နှစ်အတွက် အခွန်ငွေ ၆၂၇၀၀၀၀ ကျပ်ပေးသွင်းထားပြီး ဓာတ်အားယူနစ် ၅၃၁၅၉ အသုံးပြုအားပိုတဲ့ ဆန်စက်ဟာ တစ်နှစ်အတွက် အခွန်ငွေ အားနည်းတဲ့ ၁၇၀၀၀၀၀ ကျပ်သာပေးသွင်းမှုရှိတာကို စိစစ်တွေ့ရှိခဲ့ရပါတယ်။ ဒါဟာ ယခင် ဝင်ငွေခွန် ဥပဒေရဲ့အားနည်းချက်ကြောင့် လာဘ်ပေးလာဘ်ယူလုပ်နိုင်ဖို့၊ ညှိနှိုင်းဖို့ အားပေးရာရောက်ခဲ့ပါတယ်။ ယခုအခါမှာတော့ အခွန်ဥပဒေကို ပြင်ဆင်ပြီးဖြစ်သော်လည်းပဲ ယခင်ဥပဒေအတိုင်းပဲ ဆက်ပြီးတော့ သွားနေပါသေးတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ ဥပဒေအရ အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာကြစေရန် ပြည်သူများသို့ အခွန်ပေးဆောင်ခြင်းနှင့် ရရှိတဲ့ အခွန်အပေါ်မှာ နိုင်ငံတော်မှ မှန်မှန်ကန်ကန်သုံးစွဲရခြင်း စတာတွေကို ပညာပေးခြင်း၊ စည်းရုံးခြင်း၊ အခွန်ပေးဆောင်သဖြင့် အခွန်ပေးဆောင်သူတို့အား အခွန်ဆိုင်ရာသက်သာခွင့်များ၊ အခြားကင်းလွတ်ခွင့်များ၊ ပြည်သူတို့အား အသိပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်တဲ့ အခွန်ထမ်းပြည်သူတွေကို အသိအမှတ်ပြုပေးခြင်း၊ ထိုက်သင့်တဲ့ ချီးမြှင့်မှုတွေကို စီမံဆောင်ရွက်ပေးခြင်းတို့ကို နှစ်စဉ်ပို၍ပို၍ ဂုဏ်ပြုပေးရမှာဖြစ်ပါတယ်။ သို့မှသာ ပြည်သူတို့ဟာ အခွန်ဆောင်လိုစိတ်နှင့် လူတိုင်းလူတိုင်း အခွန်ဆောင်ရန် တာဝန်ရှိကြောင်းသိသာလာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ အားအထားရဆုံး အဓိကအခွန်ရရှိငွေဖြစ်တဲ့ မြေယာခွန်နှင့်အဆောက်အဦအခွန်တွေကို စနစ်တကျစိစစ်ကြပ်မတ်ကောက်ခံသင့်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေကို ဧကပေါင်းများစွာ ပိုင်ဆိုင်နေကြတဲ့သူတွေကို သေသေချာချာစိစစ်ပြီး မြေယာမှတ်ပုံတင်ခြင်းများ၊ မြေခွန်များကို ဥပဒေနှင့်အညီ အပြည့်အဝကောက်ခံသင့်ပါတယ်။ အဆောက်အဦခွန်တွေကို တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးဥပဒေအရ အပြည့်အဝကောက်ခံသုံးစွဲနေကြောင်းလည်း သိရပါတယ်။ တောင်သူသုံးစက်ကိရိယာများ၊ ဓာတ်မြေဩဇာများ၊ အပင်သုံးဓာတုဆေးဝါးများ၊ ပြည်ပကနေ တင်သွင်းရခြင်း၊ ပြည်တွင်းမှာ ထုတ်လုပ်သူများအပေါ် အခွန်ကင်းလွတ်ခွင့်ပြုခဲ့ခြင်း စတာတွေဟာ လုပ်ငန်းရှင်အတွက်ပဲ ဖြစ်နေခဲ့သလား။ တောင်သူအများစုအတွက်လားဆိုတာကို အရေးတကြီးပြန်လည်သုံးသပ်ဆောင်ရွက်ရမယ့်ကိစ္စလည်း ဖြစ်ပါတယ်။ ဥပမာ ပုလဲဓာတ်မြေဩဇာတစ်အိတ်ရဲ့တန်ဖိုးဟာ ယခင်တုန်းက ၂၀၀၀၀ ကျပ်။ အခွန်ကင်းလွတ်ခွင့်ပြုချိန်မှာလည်းပဲ ၂၀၀၀၀ ကျပ်အောက် လျှော့မသွားပါဘူး။ လက်တွေ့မှာတော့ စိုက်ပျိုးရေးသုံးပစ္စည်းများအပေါ်မှာ တောင်သူလယ်သမားတွေရဲ့အကျိုးခံစားခွင့်ဟာ မှုန်ဝါးနေပြီး တင်သွင်းထုတ်လုပ်ရောင်းချသူများကတော့ ကြီးမားသေချာတဲ့အကျိုးအမြတ်ကို ရရှိနေတဲ့အတွက် ၎င်းပစ္စည်းတွေ တင်သွင်းထုတ်လုပ်ရောင်းချမှုအပေါ်မှာ အခွန်ပြန်လည်စည်းကြပ်ကောက်ခံသင့်ပါတယ်။ ရေခွန်၊ မြေခွန်နှုန်းထားတွေကိုလည်း ခေတ်နှင့်အညီ ပြန်လည်စိစစ်တိုးမြှင့်သတ်မှတ်ပြီး တောင်သူလယ်သမားတွေထံမှ အပြည့်အဝရရှိအောင်နှင့် တောင်သူတွေအခက်မတွေ့စေတဲ့ အဆင့်ဆင့်သော နည်းလမ်းတွေနဲ့ စိစစ်ကြပ်မတ်ကောက်ခံသင့်ပါတယ်။ နိုင်ငံတော်အနေနဲ့ ရေခွန်၊ မြေခွန်များကို မကောက်ခံခဲ့တာ ၁၀ နှစ်နီးပါးကြာမြင့်ခဲ့ပြီ ဖြစ်တဲ့အတွက် ဝင်ငွေခွန်တိုးပွားလာအောင် စနစ်တကျပြန်လည်ကောက်ခံသင့်

ပါတယ်။ လုပ်ငန်းလိုင်စင်မရှိသေးတဲ့ မွေးမြူရေးလုပ်ငန်းများကိုလည်း ဥပဒေနှင့်အညီ တရားဝင် အသိအမှတ်ပြုပြီး ဖိဖိစီးစီးအခွန်ကောက်ရန် လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ယာကဏ္ဍကို သာ အဓိကထောက်ပြခြင်းဖြစ်ပြီး အခြားကဏ္ဍများဘက်မှလည်း အခွန်လစ်ဟင်းမှုတွေ များစွာတွေ့ရ မှာဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရရဲ့ အခွန်သေသေချာချာမကောက်ခံနိုင်ခဲ့မှု အချိန်ကြာမြင့်ခဲ့တဲ့ အားနည်းချက်ကြောင့် မြန်မာစကားပုံအရ ကြာလျှင်မေ့ ဆိုတဲ့စကားအတိုင်း ပြည်သူတွေဟာ အခွန် ပေးဆောင်ရမှုအပေါ်မှာ အခက်အခဲအဖြစ် အပြစ်မြင်လာနိုင်စရာတွေ ဖြစ်လာပါတယ်။ ဒါဟာ တန်ဖိုး အရှိဆုံးစိတ်ဓာတ်ဆုံးရှုံးမှုတွေကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်လို့ ဆိုထားတဲ့အတွက် နိုင်ငံတော်ရဲ့အခွန်များ ပြည့်ပြည့်ဝဝရရှိရေးဟာလည်း အစိုးရအဖွဲ့အစည်းတွေသာမက ပြည်သူတို့မှာ လည်း တာဝန်ရှိလာမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အထူးပြောလိုတာကတော့ အခွန်ကို တိုးမြှင့် ကောက်ခံဖို့ အဆိုပြုတင်ပြခြင်းမဟုတ်ဘဲ တည်ဆဲဥပဒေများအရ နိုင်ငံတော်က ရသင့်ရထိုက်ပြီး အားနည်းချက်အမျိုးမျိုးကြောင့် လစ်ဟင်းနေတဲ့ ကွက်လပ်တွေကို ပြန်လည်စိစစ်ပြီး စနစ်တကျပိုမို ဖြည့်တင်းဆောင်ရွက်သွားနိုင်ဖို့ တင်ပြရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးလာသည်နှင့်အမျှ အခွန်ရရှိငွေများအပေါ်မှာ ပိုမိုစီမံခန့်ခွဲနိုင် ရေးအတွက် အစိုးရနှင့်ပြည်သူတို့ ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာထိရောက်လာမည်ဖြစ်ပါသဖြင့် ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်သိန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းရဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ ဆွေးနွေးပေးနိုင်ပါရန်အတွက် ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုတစ်ခုလုံးကို ခြုံယူကြည့်မယ်ဆိုလို့ရှိရင် နိုင်ငံတော်အစိုးရတစ်ရပ်ရဲ့ ရငွေများရရှိရာ ဇာစ်မြစ်ကြီးတစ်ခုလုံးဖြစ်တဲ့ ဇာစ်မြစ်ကြီးတစ်ခုလုံး လေလွင့်မှုမရှိ ပကတိပွင့်လင်းမြင်သာစွာဖြင့် အရပ်ရပ်သော အခွန်များကောက်ခံရရှိရေးအတွက် စေတနာနှင့်တင်ပြထားတာကို တွေ့ရှိရပါတယ်။ အဆိုရှင်ရဲ့ အခွန်တော်၊ အခွန်အကောက်စတဲ့ စကားရပ်များကို ပိုင်းခြားကြည့်ရင် သာမန်ရငွေရရှိရာ အဓိကဇာစ်မြစ်များဖြစ်တဲ့အခွန်များ(Taxes)၊ ထည့်ဝင်ကြေးများ(Contribution)၊ အခွန်တော်များနှင့် အခငွေများ(Royalty and Fees)၊ ထောက်ပံ့

ကြေးနှင့် အလှူငွေများ (Grant and Donation)၊ အခြားရငွေများ(Other Revenue) စသည်အားဖြင့်ရှိပေမဲ့ အဆိုရှင်က အခွန်တော်များနှင့် အခငွေများ အခြားရငွေများကို ဆိုလိုရင်း ဖြစ်ပါတယ်။

အဆိုရှင်တင်ပြတဲ့ နိုင်ငံတော်ရဲ့ ရေးရာကိစ္စအဝဝလို့ ဆိုရာမှာ နိုင်ငံတော်အစိုးရတစ်ရပ်ဟာ အခွန်ခရရှိလာတဲ့ သာမန်ရငွေများကို နိုင်ငံတော်ကာကွယ်ရေးအတွက်အသုံးစရိတ်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အသုံးစရိတ်များ၊ လူမှုရေးလုပ်ငန်းအတွက် အသုံးစရိတ်များ၊ မရှိမဖြစ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးစရိတ်များ၊ စီးပွားရေးတိုးတက်မှုအတွက် အသုံးစရိတ်များ စသည်အားဖြင့် သာမန်ရငွေများမှ ကျခံသုံးစွဲရခြင်းကိုဆိုလိုခြင်းဖြစ်ပါတယ်။ ပြည်သူများဟာလည်းပဲ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ကြတဲ့ ထုတ်လုပ်သူများဖြစ်သလို အဆိုပါ ကုန်စည်နှင့် ဝန်ဆောင်မှုများကို စားသုံးတဲ့စားသုံးသူများလည်း ဖြစ်ကြပါတယ်။ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်သူလူပုဂ္ဂိုလ်များ၊ လုပ်ငန်းများအနေဖြင့် အခွန်စည်းကြပ်သူက စည်းကြပ်ကောက်ခံသည့် တိုက်ရိုက်အခွန်များကို ပေးဆောင်ကြရပါတယ်။ တစ်ဖန် ပြည်သူများအားလုံးကလည်း နောက်ဆုံးသုံးကုန်စည်နှင့် ဝန်ဆောင်မှုများကို မဖြစ်မနေစားသုံးကြရတဲ့အတွက် ယင်းကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် သွယ်ဝိုက်ခွန်ကိုလည်း ပေးဆောင်ကြရတဲ့ အခွန်ဝန်ထမ်းများ ဖြစ်လာကြရပါတယ်။ ဒီနေရာမှာ အဆိုရှင် ဆိုလိုတာကတော့ တိုက်ရိုက်အခွန်ကို ထမ်းဆောင်တဲ့လူပုဂ္ဂိုလ်များ၊ လုပ်ငန်းများအနေနဲ့ အခွန်မဆောင်ဘဲ အခွန်ရှောင်နေကြတာ တွေ့ရှိသလို အခွန်ဆောင်သော်လည်း အပြည့်အဝအခွန်မဆောင်ဘဲ နည်းလမ်းအမျိုးမျိုးနဲ့ ရှောင်ကွင်းနေကြတာကို မီးမောင်းထိုးပြထားတာ တွေ့ရှိရပါတယ်။ အမှန်မှာတော့ အခွန်ရဲ့သဘောသဘာဝသည် မိမိတို့ရဲ့ စားဝတ်နေရေး၊ စီးပွားရေးထဲက အများပြည်သူအကျိုးငှာ မြင့်မြတ်တဲ့စိတ်ထားနှလုံးသားနဲ့ မျှဝေပေးခြင်းတစ်မျိုးလို့ ယူဆနိုင်သလို အခွန်သည် သာမန်နိုင်ငံသားတစ်ယောက်ကဖြစ်စေ၊ လုပ်ငန်းတစ်ခုကို လုပ်ကိုင်နေသည့် အဖွဲ့အစည်းကဖြစ်စေ၊ ပြဋ္ဌာန်းထားတဲ့တရားဥပဒေနှင့်အညီ အစိုးရသို့ မပေးမနေရ ပေးဆောင်ရမယ့်ငွေကြေးဖြစ်ပါတယ်။

အခွန်စည်းကြပ်ခြင်းရဲ့ အဓိကရည်ရွယ်ချက်များကတော့ အစိုးရအတွက် ရငွေရရှိရန်၊ လူမှုရေးရည်မှန်းချက်များ အောင်မြင်စေရန်၊ စီးပွားရေးရည်မှန်းချက်များ အောင်မြင်စေရန်တို့ဖြစ်ပါတယ်။ အရေးအကြီးဆုံးကတော့ အစိုးရအတွက် ရငွေရရှိရန်ဖြစ်ပါတယ်။ အစိုးရသည် မရှိမဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရမှာဖြစ်လို့ အဆိုပါအသုံးစရိတ်များကို ကျခံသုံးစွဲနိုင်ရေးအတွက် ဝင်ငွေရရှိရန်လိုအပ်ပါတယ်။ ဒါကြောင့် အစိုးရတစ်ရပ်ဟာ တရားဥပဒေနှင့်အညီ ပြည်သူများထံမှ အခွန်များ ကောက်ခံရခြင်းဖြစ်ပါတယ်။ အခွန်စည်းကြပ်ခြင်းသည် တစ်မျိုးသားလုံးရဲ့ ကျန်းမာကြံ့ခိုင်ရေးနှင့် အကျင့်စာရိတ္တမြင့်မားရေးတို့အတွက် အခွန်အကောက်စနစ်နဲ့ ထိန်းညှိပေးနိုင်သလို နိုင်ငံသားတစ်ဦးနှင့်တစ်ဦး ဝင်ငွေခွဲဝေဖြန့်ဖြူးမှုညီမျှစေရေးအတွက် အခွန်အကောက်စနစ်နဲ့ ထိန်းညှိပေးနိုင်ပါတယ်။ သွင်းကုန်အပေါ် အခွန်စည်းကြပ်ခြင်းဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းများကို ပြည်ပပြိုင်ဆိုင်မှုများမှ ကာကွယ်ပေးနိုင်ခြင်း၊ တိုင်းပြည်ရဲ့ နိုင်ငံခြားသုံး ရန်ပုံငွေ (Foreign Exchange Revenue Reserve)ကို ရှာဖွေပေးနိုင်ခြင်း၊ အခွန်မှရရှိတဲ့ ငွေကြေးနဲ့ အချို့ကုန်စည်များရဲ့ ထုတ်လုပ်မှုနှင့် သုံးစွဲမှုတိုးတက်စေရန် ထောက်ပံ့ပေးခြင်း စသည်ဖြင့် စီးပွားရေးရည်မှန်းချက်များ

အောင်မြင်အောင် အခွန်စည်းကြပ်ခြင်းဖြင့် ဆောင်ရွက်နိုင်ပါတယ်။ အထက်ကဖော်ပြတဲ့ ရည်ရွယ်ချက်များအောင်မြင်စေရန်အတွက် အခွန်စည်းကြပ်ရာမှာ လိုက်နာရမယ့်အခြေခံမူတွေရှိပါတယ်။ ပေးနိုင်စွမ်းအားများသူအပေါ် အခွန်များများစည်းကြပ်ပြီး ပေးနိုင်စွမ်းအားနည်းသူအပေါ် အခွန်နည်းနည်းစည်းကြပ်ခြင်းဖြင့် တရားမျှတမှုကို ရှေးရှုရခြင်း၊ အခွန်ထမ်းဆောင်သူသည် မိမိပေးဆောင်ရမည့် အခွန်၏သဘောသဘာဝနှင့် အခွန်ပမာဏကို တိတိကျကျသိရှိနားလည်ရန် လိုအပ်ပြီး တရားဥပဒေအရ အခွန်ကို မပေးမနေရပေးဆောင်ရန်လိုခြင်း၊ အခွန်ထမ်းဆောင်ရာမှာ နှောင့်နှေးကြန့်ကြာမှုမရှိအောင်အတွက် အခွန်စည်းကြပ်သူနှင့် အခွန်ထမ်းဆောင်သူနှစ်ဦးစလုံး အဆင်ပြေမှုရှိခြင်း၊ အခွန်မှ အသားတင်ရငွေလျော့နည်းမသွားစေရန်အတွက် အခွန်စည်းကြပ်ရာမှာ ကုန်ကျစရိတ်သက်သာမှုရှိရမည်ဖြစ်ခြင်း စတဲ့ အခြေခံမူတွေရှိပါတယ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ချမှတ်ထားတဲ့ အခွန်မူဝါဒနှင့် အသုံးစရိတ်မူဝါဒတို့အား ပြည်သူ့ရငွေနှင့် အသုံးစရိတ်များကို အခြေပြုပြီး တစ်နည်းအားဖြင့် ရသုံးမှန်းခြေငွေစာရင်းကို အသုံးပြုပြီး တိုင်းပြည်ရဲ့စီးပွားရေးလုပ်ဆောင်ချက်များအပေါ် အကျိုးသက်ရောက်စေတဲ့ အလွန်လက်တွေ့ကျသော ဘဏ္ဍာရေးမူဝါဒများဖြစ်ပါတယ်။ ဒီမူဝါဒတွေအတိုင်း အောင်မြင်အောင် ဆောင်ရွက်ကြမယ်ဆိုရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလားအလာကောင်းတွေကို တွေ့မြင်ရမှာဖြစ်ပါတယ်။ သို့သော်လည်း အဆိုရှင် တင်ပြထားတာကို လေ့လာကြည့်မယ်ဆိုရင် လုပ်ငန်းပမာဏချင်းတူသော်လည်း အခွန်ပေးဆောင်ရသည့်ပမာဏကွာခြားတာတွေ၊ လုပ်ငန်းပမာဏမတူသော်လည်း အခွန်ပေးဆောင်ရသည့်ပမာဏတူညီသလောက်ဖြစ်နေတာတွေ ဒါတွေက အခွန်စည်းကြပ်သူဘက်က လုံးဝတာဝန်ရှိပါတယ်။ ပေးနိုင်စွမ်းအားများသူအပေါ် အခွန်နည်းနည်းစည်းကြပ်ခြင်းက အခွန်ကောက်ခံခြင်းရဲ့ ရည်ရွယ်ချက်ကို အောင်မြင်အောင် မဆောင်ရွက်တဲ့အပြင် အခွန်မူဝါဒကို ဖျက်ဆီးရာကျပါတယ်။ နိုင်ငံတော်အတွက် ရငွေရရှိမှုကို ထိခိုက်စေပါတယ်။ အဆိုရှင်တင်ပြတဲ့ ဖြစ်ရပ်များဟာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ရှိနိုင်တဲ့ဖြစ်ရပ်တွေဖြစ်ပါတယ်။ နေရာတစ်နေရာမှာ အမှားတစ်ခုကိုတွေ့ခြင်းသည် နေရာအားလုံးမှာ အမှားကိုတွေ့ရခြင်းနဲ့ တူပါတယ်။ ဒီလိုဖြစ်ရပ်မျိုးဟာ အခွန်ထမ်းပြည်သူတွေရဲ့ စိတ်ဓာတ်ကိုပျက်စီးစေပါတယ်။ ပြည်သူအချင်းချင်း ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းကို မညီမမျှဖြစ်စေပါတယ်။ တစ်ဆက်တည်းမှာ အခွန်ထမ်းပြည်သူများကို သက်ဆိုင်ရာအဖွဲ့အစည်းများက အကာအကွယ်ပေးဖို့လည်း တာဝန်ရှိပါတယ်။ ဆိုလိုတာကတော့ နိုင်ငံတော်ကို အခွန်ထမ်းဆောင်ပြီး တရားဝင်ရောင်းချနေတဲ့ဆိုင်တစ်ဆိုင်ရှိနေတယ်ဆိုရင် တရားမဝင်ရောင်းချတဲ့ နောက်ထပ်ဆိုင်တစ်ဆိုင်ပေါ်ပေါက်မလာအောင် ဆောင်ရွက်ခြင်းဟာ အခွန်ထမ်းပြည်သူအပေါ် အကာအကွယ်ပေးခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ကြည့်ရင် အခွန်အကောက်ရငွေနဲ့ GDP အချိုးက နည်းတာကို တွေ့ရှိရပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကစပြီးမှ ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလ ခြောက်လအထိ မြန်မာနိုင်ငံရဲ့ အခွန်အကောက်ရငွေနဲ့ GDP အချိုးကိုဖော်ပြတာဖြစ်ပါတယ်။ ဒါကတော့ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ဖော်ပြထားတဲ့ အခွန်အကောက်ရငွေနဲ့ GDP အချိုးဖြစ်ပါတယ်။ ဆက်လက်တင်ပြလိုတာကတော့ အခွန်ကောက်ခံရာမှာ ထားရှိရတဲ့အခြေခံမူတွေ

ထဲက အချက်တစ်ခုကို တင်ပြလိုပါတယ်။ အဲဒါကတော့ အခွန်ကောက်ခံရာမှာ အသားတင်ဝင်ငွေ လျော့နည်းမသွားစေရန်အတွက် အခွန်စည်းကြပ်ရာမှာ ကုန်ကျစရိတ်သက်သာမှုရှိရမည်ဖြစ်ခြင်းဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒါကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ရငွေနှင့် အသုံးစရိတ်အပေါ် ပါဝင်မှုအချိုးအစားဖြစ်ပါတယ်။ စောစောက Slide မှာ ရငွေဟာ ၃.၅၃ Trillion ဖြစ်ပြီးမှ အသုံးစရိတ် ဟာ ၂.၉၁ Trillion ဖြစ်တဲ့အတွက် ၆.၂၂ ဘီလီယံပိုငွေပြပါတယ်။ ရငွေအပေါ် ပါဝင်မှုအချိုးဟာ ၄၁.၆၄ ရာခိုင်နှုန်းဖြစ်ပြီးမှ အသုံးစရိတ်အပေါ်ပါဝင်မှုအချိုးဟာ ၂၇.၂၉ ရာခိုင်နှုန်းဖြစ်တဲ့အတွက် အသုံးစရိတ်အချိုးများနေတယ်လို့ ဝေဖန်မှုတွေ နည်းနည်းရှိနေပါတယ်။ အသုံးစရိတ်မူဝါဒထဲက ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျစိစစ်ခွင့်ပြုရန်ဆိုတဲ့အချက်နဲ့များ သက်ဆိုင်နေ သလားလို့ ယူဆရတဲ့အတွက် ဒီအချက်ကို ပြန်လည်သုံးသပ်ခြင်းအားဖြင့် အခွန်ရဲ့အသားတင်ဝင်ငွေ ရရှိမှုတွေလည်း ဖြစ်ပေါ်လာစေနိုင်ပါတယ်။

အဆိုရှင်ရဲ့အဆိုတစ်ခုလုံးကို ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင် နိုင်ငံတော်အတွက် ရငွေကို ရှာဖွေ ပေးနိုင်တဲ့ ဝန်ကြီးဌာနများအနေနဲ့ အခွန်၊ အခွန်တော်နှင့် အခငွေများကို ကြိုးစားရှာဖွေပေးဖို့ကိုလည်း တင်ပြထားတာဟာ အလွန်လျော်ကန်သင့်မြတ်ပါတယ်။ Power Point ရဲ့ နံပါတ်(၁)မှာကြည့်မယ်ဆိုလို့ ရှိရင် အသုံးစရိတ်နှင့် ရငွေအပေါ် ပါဝင်တဲ့အချိုးအစားနှင့် အသုံးစရိတ်အပေါ်ပါဝင်တဲ့ အချိုးအစား ကိုတွေ့နိုင်ပါတယ်။ နိဂုံးချုပ်အားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင်တော့ ပညာရေးအသုံးစရိတ်တွေ တိုးတက်သုံးစွဲနိုင်ဖို့ အခွန်အကောက်တွေ ပိုမိုကောက်ခံရရှိဖို့ လိုပါတယ်။ ကျန်းမာရေးအသုံးစရိတ် တွေတိုးတက်သုံးစွဲနိုင်ဖို့ အခွန်အကောက်တွေ ပိုမိုကောက်ခံရရှိဖို့ လိုအပ်ပါတယ်။ ဒေသတွင်းနိုင်ငံများ က ဝန်ထမ်းများနည်းတူ ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်ရေးအတွက် အခွန်အကောက်တွေ ပိုမိုကောက်ခံ ရရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်ရဲ့ရငွေကို ရှာဖွေပေးနိုင်တဲ့ ဝန်ကြီးဌာနများနှင့် အခွန်ထမ်းဆောင်ကြ ရမယ့် လူပုဂ္ဂိုလ်နဲ့ လုပ်ငန်းများအနေနဲ့ အတ္တနဲ့ ပရ မျှတစွာကျင့်သုံးခြင်းဖြင့် နိုင်ငံနှင့်လူမျိုးကို အကျိုး ပြုနိုင်ကြပါတယ်။ ဒါကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်များအပြည့်အဝရရှိရေး အတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစိစစ်ကြပ်မတ်ကောက်ခံပေးနိုင်ရေး ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးနိုင်ပါရန်အတွက် လေးနက်စွာထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲ ငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးမြင့်သိန်း တင်သွင်းသွား တဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးမြင့်သိန်း၊ ဝက်လက်မဲဆန္ဒနယ်က တင်သွင်းသွားသော နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန် အကောက်များအပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစိစစ်ကြပ်မတ်ကောက်ခံ

ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးမြင့်သိန်း၊ ဝက်လက်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၈-၅-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံး ထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၂၉-၃-၂၀၁၈ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေးပြီး ပြင်ဆင်ချက်မိတ္တူကို ကိုယ်စားလှယ်များထံဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိ ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂-၄-၂၀၁၈ ရက် (တနင်္လာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနှင့် ပေးပို့လာတဲ့ အချက်များအားလုံးကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း အားလုံးသဘောတူပြီးဖြစ်တဲ့အတွက် သဘောတူပါကြောင်း လွှတ်တော်ကို တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူအတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ နည်းဥပဒေခွဲ(က)၊ (ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးပြီဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၁၇.၅.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Maung Maung Win — U Aung Kyaw Kyaw Oo



U Maung Maung Win — Daw Cho Cho



U Maung Maung Win — U Khin Cho



Dr Tun Naing — Daw Khin Than Nu



Dr Tun Naing — U Aung Myint Shein



Dr Tun Naing — U Nay Myo Htet

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်